ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ နယုန်လဆန်း ၅ ရက်၊ စနေနေ့၊ (11-6-2005) (၄၆၂၃)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ

နယ်သာလန် သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်



ရန်ကုန် ဇွန် ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် – နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နယ်သာလန်နိုင်ငံ သံအမတ်ကြီး အဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ ပီတာ၊ ဂျိုးဇက်၊တဲအိုဖီး(လ်)၊ မာရက်(စ်) သည် ယနေ့ နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဗေယျာသီရိဗိမာန်သို့သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးကျော်သူနှင့် ဦးမောင်မြင့်၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နယ်သာလန်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ ပီတာ၊ ဂျိုးဇက်၊တဲအိုဖီး(လ်)၊မာရက်(စ်)က ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဗေယျာသီရိ ဗိမာန်သို့ သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နယ်သာလန်နိုင်ငံ သံအမတ်ကြီး မစ္စတာ ပီတာ၊ ဂျိုးဇက်၊တဲအိုဖီး(လ်)၊မာရက်(စ်) အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဗေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၁-၆-၂၀၀၅
(စနေနေ့)

ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများ ထိန်းသိမ်းမြှင့်တင် နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဝီရိယစိုက်ထုတ်ကြိုးပမ်း

နိုင်ငံတော်က တိုင်းရင်းသားလူမျိုးများအားလုံး၏ အကျိုးကိုရှေးရှုပြီး ဒေသတစ်ခုချင်းမှသည် ပြည်ထောင်စုတစ်ဝန်းလုံး၌ ဒေသဖွံ့ဖြိုးရေး စီမံကိန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

အထူးသဖြင့် ခေတ်အဆက်ဆက် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်နေခဲ့ရသည့် နယ်စပ်ဒေသများ၏ စီးပွားရေး၊ လူမှုရေး အဘက်ဘက်က ဖွံ့ဖြိုးလာစေရန် နိုင်ငံတော်က ဦးဆောင်ပံ့ပိုး ဖြည့်ဆည်းပေးလျက်ရှိရာ နယ်မြေဒေသ အစိတ်အပိုင်းများအလိုက် ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များ ရရှိခံစားနေကြရပြီဖြစ်သည်။

နိုင်ငံတော်နှင့်အတူ တိုင်းရင်းသားခေါင်းဆောင်များနှင့် နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူများက တက်ညီလက်ညီ ပေါင်းစည်းယှက်နွယ် ကြိုးပမ်းလျက်ရှိရာ အေးချမ်းတည်ငြိမ်ရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ ခိုင်ခိုင်မာမာ ဆက်စပ်ဖြစ်ထွန်းနေကြောင်း တွေ့ရသည်။

ယနေ့ကာလတွင် နိုင်ငံတော်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းလုပ်ငန်းများအတွက် ဘဏ္ဍာငွေကျပ် သန်းပေါင်း ၆၈၀၀၀ ကျော်နှင့် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ သန်း ၅၅၀ ကျော် သုံးစွဲခဲ့ရာ နယ်စပ်ဒေသများတွင် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ အကောင်အထည်ပေါ် တိုးတက်ဖြစ်ထွန်းနေပြီဖြစ်သည်။

ယခင်ခေတ် ကာလများက နယ်စပ်၌ ကျေးရွာအဆင့်မျှသာ ရှိခဲ့သည့်ဒေသများသည် ယခုအခါတွင် ခေတ်မီမြို့ကြီး ပြကြီးများအဖြစ် ပေါ်ထွက်လာပြီဖြစ်သည်။ ကြီးမားကျယ်ပြန့်သည့် စိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေးစခန်းများ၊ စီးပွားကုန်သွယ်မှုလုပ်ငန်းများဖြင့် တိုးတက်စည်ပင်လျက်ရှိသည်။

ယင်းကဲ့သို့ နယ်စပ်ဒေသများတွင် ဖွံ့ဖြိုးတိုးတက်လာသော အခြေခံကောင်းများ ရေရှည်တည်တံ့ခိုင်ခံ့စေရေး ထိန်းသိမ်းမြှင့်တင်သွားနိုင်မည့် အစီအမံများကို ချမှတ်ဖော်ဆောင်နေသည်။ ယင်းတို့အထဲတွင် နယ်စပ်ဒေသများရှိ တိုင်းရင်းသားလူမျိုးများ ပညာရည်မြင့်မားလာရေး၊ အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွန်းလာရေးအစီအစဉ်များ ပါဝင်သည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဇွန်လ ၇ ရက်နေ့က ရန်ကုန်မြို့ စိန်ရတုခန်းမ၌ကျင်းပသည့် ရန်ကုန်နှင့် မန္တလေး ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်တို့မှ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့် အင်ဂျင်နီယာ(AGTI) ဒီပလိုမာရရှိကြသည့် ကျောင်းသားများအား တွေ့ဆုံ အမှာစကားပြောကြားပြီး ထူးချွန်ဆုရသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

နယ်စပ်ဒေသများတွင် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာရေးနှင့် အဆင့်မြင့်ပညာတတ်ကျွမ်းသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ပေးရေးအတွက် ရည်ရွယ်ဖွင့်လှစ်ထားသည့် ရန်ကုန်နှင့်မန္တလေးမြို့များရှိ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် ကျောင်းဆင်းပွဲအခမ်းအနားများကို နှစ်စဉ်ကျင်းပလာခဲ့ရာ ယခုအခါ စတုတ္ထအကြိမ်သို့ ရောက်ရှိပြီဖြစ်သည်။

နယ်စပ်ဒေသများ၌ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးသော တိုင်းရင်းသားလူငယ်များ မွေးထုတ်ပေးနိုင်ရေးအတွက် တိုင်းရင်းသားလူငယ်ဖွံ့ဖြိုးရေး သင်တန်းကျောင်းများကို ဖွင့်လှစ်ပေးထားရာ အဆိုပါကျောင်းများမှ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများအား အဆင့်မြင့်ပညာရပ်များ ဆက်လက်သင်ကြားနိုင်ရေးအတွက် ယခုကဲ့သို့ ဒီဂရီကောလိပ်နှစ်ခုကို ဖွင့်လှစ်ပေးထားခြင်းဖြစ်သည်။

ရန်ကုန်နှင့်မန္တလေး မြို့များရှိ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်တို့မှ အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ပေးလျက်ရှိရာ ၂၀၀၄-၂၀၀၅ ပညာသင်နှစ်တွင် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့ရ ၁၂၂ ဦးနှင့် အင်ဂျင်နီယာ (AGTI)ဒီပလိုမာ ရရှိသူ ၄၁ ဦးရှိသည်။

သို့ဖြစ်ရာ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်များမှ သင်တန်းဆင်းလူငယ်များအနေဖြင့် နယ်စပ်ဒေသများသို့ သွားရောက်တာဝန်ထမ်းဆောင်ရာတွင် မိမိတို့၏ဒေသအသီးသီး၌ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည့် အခြေခံကောင်းများကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ရင်း နယ်စပ်ဒေသအပါအဝင် ပြည်ထောင်စုကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ဝီရိယစိုက်ထုတ်ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သန်လျင်တပ်နယ် သစ်ပင်ပျိုးပွဲတော်ကျင်းပ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အားပေး

ရန်ကုန် ဇွန် ၁၀

ရန်ကုန်တိုင်းစစ်ဌာနချုပ် သန်လျင်တပ်နယ် သစ်ပင်ပျိုးပွဲတော် အခမ်းအနားကို ယမန်နေ့နံနက် ၆ နာရီခွဲတွင် ရန်ကုန်တိုင်း သန်လျင်မြို့နယ်ရှိ နယ်မြေခံတပ်၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့ တက်ရောက်အားပေးချီးမြှင့်၍ သစ်စေ့များပျိုးထောင်ပေးပြီး ပျိုးပင်များစိုက်ပျိုးပေးသည်။

တက်ရောက်

အခမ်းအနားသို့ သန်လျင်တပ်နယ်မှူး ဗိုလ်မှူးချုပ်မောင်ဦးလွင်နှင့် တပ်မတော်အရာရှိကြီးများ၊ အမှတ်(၂) စစ်ဒေသမှူး ဗိုလ်မှူးကြီးတင်ထွန်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မြင့်ကြည်နှင့် တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်ဝင်းနှင့် တာဝန်ရှိသူများ၊ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ပြည့်၊ သန်လျင်တပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ တပ်ရင်း၊ တပ်ဖွဲ့မှူးများ၊ ရန်ကုန်တိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးအေးမြင့်၊ တပ်ရင်း၊ တပ်ဖွဲ့များမှ စစ်သည်မိသားစုဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

လူထုလှုပ်ရှားမှုအသွင်

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကား ပြောကြားရာတွင် ရန်ကုန်တိုင်း စစ်ဌာနချုပ်အနေဖြင့် တပ်နယ်များအလိုက် သစ်ပင်ပျိုးပွဲတော်များကို နှစ်စဉ်ကျင်းပခဲ့သည်မှာ ယခုဆိုလျှင် ပဉ္စမအကြိမ်မြောက် ကျင်းပနိုင်ခြင်းဖြစ်ကြောင်း၊ သစ်ပင်ပျိုးပွဲတော်များကို သစ်တော၊ သစ်ပင်များ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလာစေရန်အတွက် လူထုလှုပ်ရှားမှု အသွင်ဖြင့် တပ်လှန့်နိုးဆော်ရန် ရှေးလူကြီးများက သစ်ပင်များကိုစိုက်ပျိုးခဲ့သလို မိမိတို့လက်ထက်တွင်လည်း သစ်ပင်များကို နောင်လာ နောင်သားများအတွက် ပြုစုပျိုးထောင်ပေးသွားရန် ပရမ်းပတာ သစ်ခုတ်မှုများမပြုလုပ်ဘဲ စနစ်တကျ ထုတ်လုပ်သုံးစွဲ အစားထိုးပြန်လည်စိုက်ပျိုးရန်နှင့် သစ်တောသယံဇာတများမပျက်စီးအောင် စောင့်ရှောက်ခြင်းဖြင့် ရာသီဥတုမှန်ကန်အောင် ထိန်းသိမ်းရန်ဆိုသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း။

မိမိတို့လူမျိုးသည် သစ်တောသစ်ပင်ကို ချစ်ခင်တတ်ကြသည့် လူမျိုးဖြစ်ကြောင်း၊ ရှေးလူကြီးများက သစ်ပင်သစ်တောများစိုက်ပျိုး၊ ပြုစု၊ ထိန်းသိမ်းခဲ့ခြင်းကြောင့် မိမိတို့နိုင်ငံသည် သစ်ပင်သစ်တော ဖုံးလွှမ်းနေသည်ကို တွေ့မြင်ရမှာဖြစ်ကြောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဝန်းကျင် မိုင် ၃၀ ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးအတွက် စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ သန်လျင်တပ်နယ်သည် စီမံကိန်းဧရိယာအတွင်း တည်ရှိနေသဖြင့် မိမိတပ်နယ်၊ မိမိဒေသ အမြဲစိမ်းလန်းစိုပြည်နေစေရန် မိုးစပါး၊ နွေစပါး၊ ဆောင်းသီးနှံ၊ ဆီထွက်သီးနှံ၊ အခြားစီးပွားဖြစ် သီးနှံများကို ရာသီမလပ် စိုက်ပျိုးကြပြီး သစ်ပင်မျိုးစုံကိုလည်း တစ်အုပ်တစ်မနေရာလပ်မကျန် စိုက်ပျိုးကြစေလိုကြောင်း။

တပ်ရင်း၊ တပ်ဖွဲ့များအနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တစ်ပိုင်တစ်နိုင် ဆောင်ရွက်ခြင်းဖြင့် တပ်ရန်ပုံငွေ တိုးပွားစေပြီး မိသားစုသက်သာ ချောင်ချိရေးကိုလည်း အထောက်အကူ ပြုစေမှာဖြစ်ကြောင်း၊ "သစ်တောသစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက်၊ ဘဏ်တိုက်ကိုစိုး" ဟူသည့် ဆောင်ပုဒ်အတိုင်း သစ်တောသစ်ပင်ကိုစိုက်ပျိုး၊ ပြုစုထိန်းသိမ်းခြင်းဖြင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေပြီး သစ်ပင်၊ သစ်တောမှထွက်ရှိသည့် သယံဇာတများမှ တစ်ဆင့် ဝင်ငွေလည်း တိုးပွားလာစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် သန်လျင်တပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှစစ်သည်များ၊ မိသားစုဝင်များသာမက ပြည်သူလူထုကလည်း "ရှင်အောင်စိုက်ပျိုး၊ ကြီးအောင်ပြုစု၊ မြဲအောင်ထိန်းသိမ်း" ဟူသည့်နည်းစနစ်အတိုင်း သစ်ပင်၊ ပျိုးပင်များ ပိုမိုစိုက်ပျိုးကြပြီး စိုက်ပျိုးပြီးအပင်များ ရှင်သန်ကြီးထွားစေရေးနှင့် ရေရှည်တည်တံ့စေရေး ဝိုင်းဝန်းပြုစုထိန်းသိမ်းကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် သန်လျင်တပ်နယ်မှူး ဗိုလ်မှူးချုပ်မောင်ဦးလွင်က တပ်နယ်အတွင်း သစ်ပင်များ စိုက်ပျိုးပြုစု ထိန်းသိမ်းထားရှိမှုနှင့် သစ်ပင်ပျိုးပွဲတော်အတွင်း မျိုးစေ့များနှင့် ပျိုးပင်များ ပျိုးထောင်မည့် အခြေအနေကိုလည်းကောင်း၊ တိုင်းသစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်ဝင်းက နိုင်ငံအဝန်း သစ်ပင်သစ်တောများ ပေါက်ရောက်မှု၊ အဖိုးတန်သစ်တောများ မပျက်စီးစေရေးနှင့် သဘာဝပတ်ဝန်းကျင် မယိုယွင်းစေရေးအတွက် သစ်ပင်များ ပိုမိုစိုက်ပျိုးခြင်းဖြင့် ရာသီဥတု မျှတကောင်းမွန်အောင် ထိန်းသိမ်းဆောင်ရွက်ရမည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့သည် ပျဉ်းကတိုး၊ စိန်ပန်းကြီး၊ ခရေသစ်စေ့များနှင့် ကျွန်း၊ ပျဉ်းကတိုး၊ သစ်ဆိမ့်နှင့် ဆီးသပြေပျိုးပင်များကို ပျိုးထုပ်နှင့် ပျိုးပေါင်များနှင့် ပျိုးအိတ်များအတွင်းသို့ ထည့်သွင်းပျိုးထောင်စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ သန်လျင်တပ်နယ်မှူးနှင့် ဧည့်သည်တော်များက သစ်စေ့များနှင့် ပျိုးပင်များကို ပျိုးထုပ်နှင့် ပျိုးပေါင်များအတွင်းသို့ ပျိုးထောင်စိုက်ပျိုးပေးကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီးတို့သည် သစ်ပင်ပျိုးပွဲတော် အထိမ်းအမှတ်အဖြစ် ကံ့ကော်ပင်နှင့် ခရေပင်များကို အမှတ်တရ စိုက်ပျိုးပေးကြသည်။

ထို့နောက် သန်လျင်တပ်နယ်မှူးနှင့် ဧည့်သည်တော်များ၊ လူမှုရေးအသင်းအဖွဲ့များက ကျွန်း၊မဟော်ဂနီ၊ ပျဉ်းမ၊ ငုရွှေဝါ၊ ကုက္ကို၊ မဲဇလီ၊ စိန်ပန်းကြီး အပင်များနှင့် ပျိုးပင်များကို စိုက်ပျိုးပေးကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဇနီးနှင့် ဧည့်သည်တော်များသည် ပျိုးဥယျာဉ်အတွင်း၌ တပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များက စုဆောင်းထားရှိသည့် ပျိုးပင်များနှင့် စစ်သည်များနှင့် မိသားစုဝင်များ၏ သစ်စေ့များကို တပျော်တပါးဝိုင်းဝန်းပျိုးထောင်နေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပျိုးပင်တစ်သိန်းကျော်

ယနေ့ ကျင်းပသည့် သန်လျင်တပ်နယ်သစ်ပင်ပျိုးပွဲတော်တွင် ရတနာတန်းဝင်ပင်၊ နှစ်ရှည်စားသုံးပင်၊ အရိပ်ရလေကာပင်၊ စီးပွားဖြစ်ပင်၊ ပန်းအလှပင်၊ စီမံကိန်းဝင်ပင်၊ ရော်ဘာပင်နှင့် မန်ကျည်း၊ တမာ၊ ထန်း၊ ကုက္ကိုပင်များ၏ သစ်စေ့ပေါင်း ၆၀၀၀နှင့် ပျိုးပင်ပေါင်း ၁၃၇၀၄၃ ပင်ကို ပျိုးထောင်စိုက်ပျိုးပေးကြသည်။ (သတင်းစဉ်)

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မိတ္ထီလာမြို့မဈေးကြီးအတွင်း၌ ခြင်အန္တရာယ်ကင်းရှင်းစေရေးအတွက် ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးဝင်းမင်းသန့်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးပြည်စိုးတို့ ဇွန် ၆ ရက်က ကွင်းဆင်းစစ်ဆေးကြပ်မတ်။
(မြို့နယ်စည်ပင်)

အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန(ရုံးချုပ်) ပညာသင် ထောက်ပံ့ကြေး ပေးအပ်

ရန်ကုန် ဇွန် ၁၀

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်) ဝန်ထမ်းများ၏သား၊ သမီးများအား ၂၀၀၅-၂၀၀၆ ခု ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့မွန်းလွဲ ၂နာရီတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်)အစည်းအဝေးခန်းမ၌ကျင်းပရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်ကိုနှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အမှာစကားပြောကြားပြီး ၂၀၀၅-၂၀၀၆ခု ပညာသင်နှစ်အတွက် ထောက်ပံ့ကြေးငွေများပေးအပ်ရာ တက္ကသိုလ်၊ ကောလိပ်အဆင့် ကျောင်းသား၊ ကျောင်းသူ ၇၀၊ အထက်တန်းအဆင့် ၄၄ ဦး၊ အလယ်တန်းအဆင့် ၅၂ဦး၊ မူလတန်းအဆင့် ၇၀၊ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၂၃၆ဦးအတွက် ထောက်ပံ့ကြေးငွေများကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပေးအပ်သည်။
(သတင်းစဉ်)

ကွမ်းခြံကုန်းမြို့ ရေပေးဝေရေးစီမံကိန်းလုပ်ငန်းများ ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၁၀

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ဇွန် ၇ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ခွဲ ရုံးဝင်းအနီးရှိ ရေပေးဝေရေးစီမံကိန်း တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်စစ်ဆေးသည်။

ရွေးချယ်သတ်မှတ်

ဝန်ကြီးအား စီမံကိန်းလုပ်ငန်းခွင်၌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက စက်ရေတွင်း တူးဖော်ပြီးစီးမှုအခြေအနေ၊ မြေအောက် သိုလှောင်ကန်နှင့် ရေစင်တည်ဆောက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ရေပေးဝေရေး လုပ်ငန်းဖြစ်မြောက်ရေး ကော်မတီအနေဖြင့် သတ်မှတ်ရက်အတွင်း လုပ်ငန်းများ အချိန်မီပြီးစီးရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန်မှာကြားပြီး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ မြေအောက် သိုလှောင်ကန်နှင့် ရေစင်တည်ဆောက်ရန်မြေနေရာကို ရွေးချယ်သတ်မှတ်ပေးသည်။

ထို့နောက် ဝန်ကြီးသည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတို့က ရေပေးဝေရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို လည်းကောင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးမောင်မောင်ရီက ဘဏ္ဍာငွေကောက်ခံရရှိမှုနှင့် သုံးစွဲမှုအခြေအနေများကို လည်းကောင်း၊ ရေပေးဝေရေးစီမံကိန်း လုပ်ငန်းဖြစ်မြောက်ရေး ကော်မတီဝင်များက ပစ္စည်းစုဆောင်းရရှိမှုအခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ညှိနှိုင်းဖြည့်ဆည်း

ထို့နောက် ဝန်ကြီးက ကွမ်းခြံကုန်းမြို့နေပြည်သူများ ထာဝစဉ်ရေကောင်းရေသန့်သုံးစွဲနိုင်ရေးအတွက် မိမိအနေဖြင့် ကမကထပြုလုပ်ကာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၏ မတည်ငွေ၊ ရေသန့်သုံးစွဲမည့် ပြည်သူများ၏ အချိုးကျထည့်ဝင်ငွေတို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ တည်ဆောက်သွားရန်နှင့် အရည်အသွေးစစ်ဆေးရေး လုပ်ငန်းများကိုလည်း စနစ်တကျ ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း မှာကြားပြီး လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့ ရေပေးဝေရေးစီမံကိန်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (စွမ်းအင်)

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ အဖွဲ့ဝင်အသစ်များအား အသိအမှတ်ပြုလွှာ ဂုဏ်ပြုအပ်နှင်းခြင်း အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (ကျန်းမာရေး)

မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့ အဖွဲ့ဝင်အသစ်များအား အသိအမှတ်ပြုလွှာ ဂုဏ်ပြုအပ်နှင်းခြင်း အခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၁၀

မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ အဖွဲ့ဝင်အသစ်များအား အသိအမှတ်ပြုလွှာ ဂုဏ်ပြုအပ်နှင်းခြင်း အခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်(ရန်ကုန်)ခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့် တက်ရောက်၍ နှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဆေးရုံအုပ်ကြီးများ၊ ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာကိုကိုနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က နှုတ်ခွန်းဆက်အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်အရ ကျန်းမာရေးဝန်ကြီးဌာနမှ ညှိနှိုင်းပြင်ဆင်မှုများ ပြုလုပ်ခဲ့ပြီး မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ကို ၁၉၉၉ခုနှစ် ဩဂုတ်လ ၂၀ ရက်တွင် စတင်တည်ထောင်ခဲ့ကြောင်း၊ အခြေခံစည်းမျဉ်းအနေဖြင့် အဖွဲ့တည်ထောင်စကပင်ရေးဆွဲပြီး အဖွဲ့ငယ်လေးခု ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ ကျန်းမာရေးစနစ် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ငယ်၊ သုတေသနနှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ငယ်၊ ဆေးသိပ္ပံပညာရပ်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ငယ်၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့ငယ်တို့ဖြစ်ကြောင်း။

ဆေးပညာရှင်အဖွဲ့ လုပ်ငန်းများနှင့်ပတ်သက်ပြီး အဖွဲ့၏ မျက်နှာစုံညီအစည်းအဝေးများတွင် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်တိုင်သော်လည်းကောင်း၊ ဒုတိယဝန်ကြီးကိုယ်တိုင်သော်လည်းကောင်း တက်ရောက်၍ လိုအပ်သည်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနမှ ဦးစီးဌာနများ၊ တက္ကသိုလ်များက တာဝန်ယူအကောင်အထည်ဖော် ဆောင်ရွက်နေသော ကျန်းမာရေးလုပ်ငန်းများတွင် အခါအားလျော်စွာ ဆေးပညာရှင်အဖွဲ့က ပါဝင်ဆောင်ရွက်နေသည်ကို မှတ်တမ်းတင်ပါကြောင်းဖြင့် ပြောကြားသည်။

မိတ်ဆက်ပေး

ထို့နောက် မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ ဥက္ကဋ္ဌဒေါက်တာကိုကိုက အမှုဆောင်အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးသည်။

ဆက်လက်၍ ဝန်ကြီး ဒေါက်တာကျော်မြင့်က အဖွဲ့ဝင်အသစ်များအား အသိအမှတ်ပြုလွှာ ဂုဏ်ပြုအပ်နှင်းပြီး မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာကိုကို၊ ဒုတိယဥက္ကဋ္ဌ(၁) ပါမောက္ခ ဒေါက်တာကိုလေး၊ ဒုတိယဥက္ကဋ္ဌ(၂) ပါမောက္ခဒေါက်တာ သာလှရွှေတို့က အသိအမှတ်ပြုလွှာများကို ဂုဏ်ပြုအပ်နှင်းကြသည်။

ယင်းနောက် မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့-အဖွဲ့ဝင်အသစ်များကိုယ်စား ကျန်းမာရေးစီမံကိန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကြိုင်က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ဗဟိုအလုပ်အမှုဆောင်ပြန်ကြားရေးဒုတိယဝန်ကြီး ဦးသိန်းစိန် အမျိုးသားရေးမူဝါဒနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု ဟောပြောပို့ချ

ရန်ကုန် ဇွန် ၁၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်သည် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အခြေခံစည်းရုံးရေး သင်တန်းအမှတ်စဉ်(၁၀)နှင့် (၁၁)တို့မှ သင်တန်းသား ၁၆၀တို့အား အမျိုးသားရေးမူဝါဒနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုများနှင့် စပ်လျဉ်း၍ ယနေ့နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ အဆိုပါ သင်တန်းတွင် ဟောပြောပို့ချသည်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန်လိုအပ်သည့်ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၅ခုနှစ်၊ ဇွန်လအတွက်

(၁၂-၆-၂၀၀၅)ရက်နေ့

နှင့်

(၂၆-၆-၂၀၀၅)ရက်နေ့

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့

၂၆-၆-၂၀၀၅

International Day Against Drug Abuse and Illicit Trafficking

26-6-2005

တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှ

Value yourself ---make healthy choices

အမှတ်(၆၈) ကမ္ဘာအေးစေတီလမ်း ဗဟန်းမြို့နယ်နေ ဦးသော်-ဒေါ်အေးပေါ့မိသားစုက အလှူငွေကျပ် သိန်း ၂၀ ကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း (၁၆/၂)ရပ်ကွက် သင်္ဃန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း (ရန်ကုန်)သို့လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူ၊ ဘဏ္ဍာရေးမှူး ဒေါ်မြင့်မြင့်ခင်ဖေနှင့် တွဲဖက်အတွင်းရေးမှူး(၂) ဦးဝင်းနိုင်တို့ လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

အီရတ်နိုင်ငံ၌ လုံခြုံရေးစိတ်မချရမှုကြောင့် မြေမြှုပ်မိုင်း ရှင်းလင်းရေးတွင် အဟန့်အတားဖြစ်ရ

ဘဂ္ဂဒက် ဇွန် ၉

အီရတ်နိုင်ငံတွင် လုံခြုံရေးအတွက် စိတ်မချရမှုကြောင့် မြေမြှုပ်မိုင်းများနှင့် မပေါက်ကွဲသေးသည့်ဗုံးများ ရှင်းလင်းရေးအတွက် အဟန့်အတားဖြစ်ရကြောင်း ကျွမ်းကျင်သူများက ပြောကြားသည်။

အီရတ်နိုင်ငံတွင် လုံခြုံမှု မရှိသောကြောင့် လုပ်ငန်းဆောင်ရွက်ရာတွင် ကုလသမဂ္ဂ ဝန်ထမ်းများအတွက် အကန့်အသတ်ရှိနေကြောင်း၊ အီရတ်တွင် နေ့စဉ် လုံခြုံမှုကင်းမဲ့မှုများ မြင့်မားလျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် အထောက်အပံ့ ရရှိရေးအတွက် ပုဂ္ဂလိက ကုမ္ပဏီများအပေါ် မှီခိုနေရကြောင်း၊ ယင်းကုမ္ပဏီများသည် အီရတ်နိုင်ငံတောင်ပိုင်းဒေသတွင် လုပ်ငန်းတွင်ကျယ်ရေးအတွက် အားသွန်ခွန်စိုက် လုပ်ကိုင်ကြကြောင်း အီရတ် ဆိုင်ရာ ကုလသမဂ္ဂ အကူအညီပေးရေးမစ်ရှင် အဖွဲ့မှ မိုင်းရှင်းလင်းရေးမန်နေဂျာ ရှရှူးဒါးက ပြောကြားသည်။

မိုင်းရှင်းလင်းရေး ရပ်ဆိုင်းပစ်လိုက်ကြသည့် အစိုးရ မဟုတ်သည့် အဖွဲ့အစည်းများမှာ ဒိန်းမတ် အကူအညီပေးရေးအဖွဲ့၊ နော်ဝေပြည်သူ့ အကူအညီပေးရေးအဖွဲ့၊ ပြင်သစ်နှင့် အီတလီနိုင်ငံတို့မှ အဖွဲ့များဖြစ်သည်။

ပတ်ဝန်းကျင်ညစ်ညမ်း

အီရတ်နိုင်ငံတွင်ဆယ်စုနှစ်ကြာဖြစ်ပွားလာသည့်စစ်ပွဲများနှင့် ပြည်တွင်းပဋိပက္ခများကြောင့် မြေမြှုပ်မိုင်းများနှင့် မပေါက်ကွဲသေးသည့်ဗုံး အများအပြားရှိနေပြီး အချို့ဒေသများတွင် အာနိသင်ပြယ်သည့် ယူရေနီယံသုံး လက်နက်များကြောင့် ပတ်ဝန်းကျင် ညစ်ညမ်းမှုများ ရှိနေသည်။

ယင်းသို့သောအကြောင်းများကြောင့် ကသောင်းကနင်းဖြစ်နေသည့် အခြေအနေသည် အီရတ် ပြည်သူလူထု၏ လုံခြုံရေးအတွက် ခြိမ်းခြောက်မှု တစ်ရပ်အဖြစ် တည်ရှိနေသည်။ စိုက်ပျိုးထားသည့် မြေများ၊ စားကျက်မြေများ၊ လမ်းများ၊ ရေအရင်းအမြစ်များနှင့် လူနေဒေသများတွင် ယင်းကဲ့သို့သော ပြဿနာများ မဖြစ်ပွားရန် အတွက် ကြိုးပမ်း ကာကွယ်စောင့်ရှောက်နေကြရသည်။

အင်တာနက်။

ကနေဒါနိုင်ငံ အနောက်ပိုင်းတွင် ရေလွှမ်းမိုး လူ ၃၀၀၀ ကျော်ကို အရေးပေါ်ရွှေ့ပြောင်းပေးရ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အဘူဂါရိပ် အကျဉ်းထောင်အတွင်းရှိ ထိန်းသိမ်းရေးစခန်းတစ်ခုကို ဇွန် ၉ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်တွင် ကားဗုံးပေါက်ကွဲမှုများ ဖြစ်ပွား ၁၁ ဦး သေဆုံးပြီး ၂၃ ဦးဒဏ်ရာရ

ဘဂ္ဂဒက် ဇွန် ၉

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်ရှိ အီရတ်ရဲတပ်ဖွဲ့၊ အီရတ်ကြည်းတပ်နှင့် အီရတ်နိုင်ငံမြောက်ပိုင်းတွင် အင်္ဂါနေ့က ကားဗုံးပေါက်ကွဲမှု လေးကြိမ်ဖြစ်ပွားရာ လူ ၁၁ ဦးထက်မနည်း သေဆုံးခဲ့ပြီး လူ ၂၃ ဦးထက်မနည်းဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဘဂ္ဂဒက်မြို့တော်မြောက်ပိုင်းရှိ ရှူလာဒေသမှ စားသောက်ဆိုင် တစ်ဆိုင်ရှေ့တွင် မော်တော်ယာဉ်ရပ်ထားစဉ် ဗုံးဖောက်ခွဲသူတစ်ဦးက ထောင်ချောက်ဗုံးထည့်ထားသည့် မော်တော်ယာဉ်ကို ရဲတပ်ဖွဲ့ လှည့်ကင်းအတွင်း ဝင်တိုက်ကာ ဖောက်ခွဲခဲ့ကြောင်း အမည်နာမ ထုတ်ဖော် မပြောကြားသော ရဲသတင်းရပ်ကွက်က ပြောကြားသည်။

ထိခိုက်ဒဏ်ရာရ

ထိုတိုက်ခိုက်မှုသည် နံနက် ၁၀ နာရီခန့်က ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ရဲတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးကာ အရပ်သားတစ်ဦး အပါအဝင် လေးဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု သတင်းရပ်ကွက်က ပြောကြားသည်။ ယင်းပေါက်ကွဲမှုကြောင့် မော်တော်ယာဉ် အများအပြား ထိခိုက်ပျက်စီးသွားခဲ့သည်။

အင်္ဂါနေ့နံနက်စောစောပိုင်းကလည်း ကယ်ကွတ်မြို့တောင်ပိုင်းရှိ ဟော်ဝီဂျာမြို့အပြင်ဘက်ရှိ အီရတ် စစ်ဘက်စစ်ဆေးရေးဂိတ်တစ်ခုတွင် ကားဗုံးဖောက်ခွဲမှု သုံးကြိမ်ပြုလုပ်ခဲ့ရာ လူ ၁၀ ဦးထက်မနည်း သေဆုံးခဲ့ပြီး အခြား ၁၉ ဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်။ သေဆုံးသူများတွင် အချို့မှာ အီရတ်တပ်ဖွဲ့ဝင်များဖြစ်သည်။

အီရတ်အစိုးရသစ် ဖွဲ့စည်းပြီးကြောင်း ဧပြီလနှောင်းပိုင်း ကြေညာခဲ့ပြီးသည့်နောက် လူ ၇၀၀ ကျော် အီရတ်နိုင်ငံတွင် သေဆုံးခဲ့ပြီဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

အော့တဝါ ဇွန် ၉

ကနေဒါနိုင်ငံ အနောက်ပိုင်း အယ်လ်ဘာတာဒေသတွင် လွန်ခဲ့သောရက်အနည်းငယ်က မိုးသည်းထန်စွာရွာသည့်အတွက် ဟိုင်းဝုဒ်ရေဗာမြို့၌ ရေလွှမ်းမိုးလာသောကြောင့် ထိုဒေသတွင် နေထိုင်သူ ရာပေါင်းများစွာတို့ကို ညတွင်းချင်း နေရာရွှေ့ပြောင်းပေးရန် စီစဉ်ခဲ့ရသည်ဆိုသော သတင်းများ ဇွန် ၈ ရက်နေ့က ထွက်ပေါ်လာသည်။

ရွှေ့ပြောင်း

မြစ်ကမ်းဘေးရှိဂေါက်ကွင်းအနီးတွင် နေထိုင်သော လူပေါင်း ၃၅၀၀ တို့ကို ဇွန် ၈ ရက် နံနက် စောစောအချိန်တွင် အိပ်ရာမှနိုး၍ အမြန်ဆုံးရွှေ့ပြောင်းကြရန် ထုတ်ထားသောအမိန့်ကို အသိပေးပြီး ပြောင်းရွှေ့ရန် ဆော်ဩစီစဉ်ခဲ့ရသည်။ ဇွန် ၇ ရက်နေ့ကလည်း ရေများတက်လာသည့်အတွက် အဆိုပါမြို့မှ လူ ၂၀၀ ကို ဘေးလွတ်ရာနေရာသို့ ရွှေ့ပြောင်းပေးခဲ့ရသေးသည်။

ဒေသတွင်းရှိ အထက်တန်းကျောင်းတစ်ကျောင်းတွင်ယာယီဒုက္ခသည်စခန်းဖွင့်ပြီး အိပ်စက်နေထိုင်နိုင်ရန် နေရာချထားပေးခဲ့ရသည်။ ယခုအတောအတွင်း အနောက်တောင်ဘက် အယ်လ်ဘာတာဒေသတွင် ရွာသွန်းသောမိုးရေချိန်သည် ၁၀၀ မှ ၁၇၀ မီလီမီတာအတွင်းရှိသည်။ ထိုအချိန်က မိုးအားကြီးခဲ့သော်လည်း နောက်တစ်ရက်၊ နှစ်ရက်အကြာတွင် မိုးအားပြန်လည်လျော့နည်းသွားနိုင်ကြောင်း မိုးလေဝသဌာနက ခန့်မှန်းထားသည်။

အာဏာပိုင်များသည်အယ်လ်ဘာတာပြည်နယ်၏ တောင်ဘက်ပိုင်းရှိ မြစ်ချောင်း ၂၄ ခုတွင် ရေကင်းများ စောင့်ကြပ်ရန် အမိန့်များ ထုတ်ဆင့်ထားကြောင်း သိရသည်။

အမ်အင်အေ၊ ဆင်ဟွာ။

နိုင်ငံ တကာ သတင်းများ

အလုပ်လက်မဲ့ဖြစ်မှုနှုန်း မြင့်မားနေသည့် ပြဿနာဖြေရှင်းရေး ပြင်သစ်ဝန်ကြီးချုပ်သစ် အစွမ်းကုန် ကြိုးပမ်းမည်ဟုဆို

ပါရီ ဇွန် ၉

ပြင်သစ်နိုင်ငံတွင် အလုပ်လက်မဲ့ဖြစ်မှုနှုန်း မြင့်မားနေသည့် ပြဿနာကို ဖြေရှင်းနိုင်ရေးအတွက် အစိုးအဖွဲ့က အစွမ်းကုန်ကြိုးပမ်းသွားရန် ဝန်ကြီးချုပ်သစ်ဒိုမစ်နစ်ဒီဗီလက်ပင်က တနင်္ဂနွေနေ့တွင် သန္နိဋ္ဌာန် ချမှတ်လိုက်သည်။

မိမိတို့၏ အစိုးရအဖွဲ့သည် အလုပ်အကိုင်နေရာများဖန်တီးပေးရန် ကြိုးပမ်းသည့်ပထမဆုံးသော အစိုးရအဖွဲ့မဟုတ်သော်လည်း အလုပ်လက်မဲ့ဖြစ်မှု လျှော့ချနိုင်ရန် အစွမ်းကုန် ကြိုးပမ်းသည့် ပထမဆုံးသောအစိုးရ ဖြစ်လိမ့်မည်ဖြစ်ကြောင်း အစိုးရအဖွဲ့အစည်းအဝေးတွင် ဝန်ကြီးချုပ်သစ် ဗီလက်ပင်၏ ပြောကြားချက်ကိုကိုးကားလျက် အစိုးရအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဂျင်းဖရန်စစ်ကုပ်က ပြောကြားသည်။

ဝန်ကြီးများသည်၎င်းတို့၏ထိပ်တန်းဦးစားပေးလုပ်ငန်းအဖြစ် အလုပ်လက်မဲ့ပြဿနာဖြေရှင်းရေးကို အစွမ်းကုန်ကြိုးပမ်းရန် ဝန်ကြီးချုပ်က ညွှန်ကြားထားကြောင်း ကုပ်က ပြောကြားသည်။

အလုပ်လက်မဲ့ပြဿနာဖြေရှင်းရေးနှင့် ပတ်သက်၍ နွေရာသီမတိုင်မီတွင် ဆုံးဖြတ်ချက်များချမှတ်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က လီဂျာနယ်ဒူဒီပန်ချီသတင်းစာသို့ ပြောကြားသည်။ အစိုးရအဖွဲ့သည် အလုပ်လက်မဲ့ပြဿနာကို အာရုံစိုက်ကိုင်တွယ်မည်ဖြစ်ရာ အကျိုးရလဒ်ကောင်းများ လျင်မြန်စွာ ပေါ်ထွက်လာမည် ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ခန့်အပ်

ပြင်သစ်နိုင်ငံတွင် မေ ၂၉ ရက်က ဥရောပသမဂ္ဂ (အီးယူ)ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်ခံနိုင်ခြင်း ရှိမရှိ သဘောထားတောင်းခံသော ပြည်သူ့ဆန္ဒခံယူပွဲတွင် ပြည်သူများက ကန့်ကွက်မဲများ ပေးခဲ့ကြပြီးနောက် သမ္မတဂျက်ရှီရက်က ပြီးခဲ့သည့် ကြာသပတေးနေ့တွင် အစိုးရ အဖွဲ့သစ်ကို ခန့်အပ်ခဲ့ခြင်း ဖြစ်သည်။

အယုံအကြည်ကင်းမဲ့

ပြင်သစ်နိုင်ငံတွင် အလုပ်လက်မဲ့ဖြစ်မှုနှုန်း မြင့်တက်နေခြင်း၊ ဥရောပသမဂ္ဂ (အီးယူ)ရှိ စီးပွားရေး နိမ့်ကျနေသော အခြားနိုင်ငံများမှ အလုပ်သမားများပြင်သစ်နိုင်ငံအတွင်းသို့ ဝင်ရောက်လာမည့်အရေးကို စိုးရိမ်ခြင်း၊ အစိုးရအဖွဲ့အပေါ်ကာလကြာရှည်စွာကတည်းကပင်လျှင် အယုံအကြည်ကင်းမဲ့နေခြင်း စသည့် အကြောင်းတရားများကြောင့် အီးယူဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူများက ကန့်ကွက်ခဲ့ခြင်း ဖြစ်ကြောင်း နိုင်ငံရေး ဆန်းစစ်သူများက ပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

အီရတ်နိုင်ငံ မြို့တော် ဘဂ္ဂဒက်တွင် ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသူများ ဆေးရုံ၌ ဆေးဝါးကုသမှုခံယူနေသည်ကို ဇွန် ၉ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

သမ္မတချားဗက်ဇ်ကို လုပ်ကြံရန် စီအိုင်အေကြံစည်နေဟု ဗင်နီဇွဲလားစွပ်စွဲ

ဘိုဂိုတာ ဇွန် ၈

အမေရိကန် ဗဟိုထောက်လှမ်းရေးအေဂျင်စီ(စီအိုင်အေ)က ဗင်နီဇွဲလားသမ္မတနှင့်ဒုတိယသမ္မတတို့ကို လုပ်ကြံရန်ကြိုးပမ်းသည့်အစီအစဉ်တွင် ကိုလံဘီယာလက်နက်ကိုင် ပြည်သူ့စစ်များနှင့် သေနတ်သမားများ ပတ်သက်မှုရှိကြောင်း ဒုတိယသမ္မတဂျို့စ်ဗင်ဆင်ရန်ဂျန်လ်က ပြောကြားသည်။ ဗင်နီဇွဲလားသမ္မတ ဟူဂိုချားဗက်ဇ်၏ အသက်အန္တရာယ်မှာ လွန်စွာစိုးရိမ်နေရကြောင်း၊ အမေရိကန်စီအိုင်အေအဖွဲ့သည် ကြီးကျယ်သော လူသတ်မှုကို ပြုလုပ်ရန်ကြံစည်နေကြောင်း ကျူးဘားနိုင်ငံ ဟာဗားနားတွင် အစည်းအဝေးတက်နေသော ရန်ဂျယ်လ်က ပြောကြားသည်။

ယခုကိစ္စသည် စီအိုင်အေက ကျူးလွန်သောရာဇဝတ်မှု၊ အမေရိကန်သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်နှင့် အစိုးရအဖွဲ့က ကျူးလွန်သော ရာဇဝတ်မှုပင် ဖြစ်လိမ့်မည်ဟု ၎င်းက မီဒီယာများကို ပြောကြားသည်။ ပြီးခဲ့သောနှစ်က ဗင်နီဇွဲလားမြို့တော် ကာရာကပ်စ်အနီးတွင် သမ္မတချားဗက်ဇ်နှင့် ဗင်နီဇွဲလား အစိုးရအဖွဲ့အစည်းများကို တိုက်ခိုက်ရန် ပြင်ဆင်နေသည့် လက်နက်ကိုင်ပြည်သူ့စစ် ၁၀၀ ကျော်တို့ကို ဗင်နီဇွဲလားအစိုးရက ဖမ်းဆီးနိုင်ခဲ့သည်။

လွန်ခဲ့သော ခြောက်နှစ်တာကာလက ဗင်နီဇွဲလားနိုင်ငံတွင် ဟူဂိုချားဗက်ဇ်သမ္မတဖြစ်လာချိန်မှစ၍ ထိုနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့ ဆက်ဆံရေးသည် အဆင်မပြေဘဲ ထိပ်တိုက်ရင်ဆိုင်နေရသည့် အခြေအနေမျိုး ဖြစ်ပေါ်ခဲ့သည်။ သမ္မတချားဗက်ဇ်ကို ၂၀၀၂ ခုနှစ် ဧပြီလတွင်းက ဖြုတ်ချရန် ကြံစည်မှုဖြစ်ခဲ့သော်လည်း မအောင်မမြင်ဖြစ်ခဲ့သည်။ ထိုကိစ္စကို အမေရိကန်က ထောက်ခံအားပေးခဲ့သည်ဟု ဗင်နီဇွဲလားက စွပ်စွဲထားသည်။ ထို့အပြင် ဝါရှင်တန်သည် ဗင်နီဇွဲလားကို ကျူးကျော်ရန် စီစဉ်နေပြီး သမ္မတချားဗက်ဇ်ကိုလည်း လုပ်ကြံရန် အားထုတ်နေကြောင်း စွပ်စွဲမှုများ လည်း ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

သုံးနိုင်ငံ ဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းရေး မူရာရက်ဖ်တိုက်တွန်း တောင်အာရှ စွမ်းအင်ဆိုင်ရာဆွေးနွေးပွဲ ပါကစ္စတန်တွင် ကျင်းပ

အစ္စလမ္မာဘတ် ဇွန် ၉

အီရန်၊ ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံတို့၏ ဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းရေးကိစ္စသည် မိမိတို့နိုင်ငံ အားလုံး၏ အကျိုးစီးပွားနှင့် ကိုက်ညီမှုရှိသဖြင့် အရေးကြီးသော လုပ်ငန်းစီမံကိန်းတစ်ရပ်ဖြစ်ကြောင်း ပါကစ္စတန်သမ္မတ ဗိုလ်ချုပ်ကြီး ပါဗက်ဇ်မူရာရက်ဖ်က အင်္ဂါနေ့တွင် ပြောကြားသည်။

ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံတို့သည် စီးပွားရေး တိုးတက်လာသည့် နိုင်ငံများဖြစ်သည့်အားလျော်စွာ စွမ်းအင်ဝယ်လိုအား မြင့်မားလာနေကြောင်း ပါကစ္စတန်နိုင်ငံ ရာဝါလ်ပင်ဒီမြို့တွင် ကျင်းပသည့် စွမ်းအင်ဆိုင်ရာဆွေးနွေးပွဲ၌ မူရာရက်ဖ်က အိန္ဒိယရေနံလုပ်ငန်းဝန်ကြီး မာနီရှန်ကာအေယာအား ပြောကြားသည်။ ဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်း အကောင်အထည်ဖော်ရေးနှင့် ပတ်သက်၍ လိုအပ်သည့် အစီအစဉ်များကို မကြာမီ ရေးဆွဲသွားမည်ဖြစ်ကြောင်း မူရာရက်ဖ်က ပြောကြားသည်။

အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့ အပြန်အလှန်ယုံကြည်မှု တည်ဆောက်ရာတွင် တိုးတက်မှုများရရှိခြင်းအတွက် မိမိကျေနပ်မိကြောင်း နှစ်နိုင်ငံ ဆက်ဆံရေး အခြေအနေနှင့်ပတ်သက်၍ မူရာရက်ဖ်က ပြောကြားသည်။

အိန္ဒိယ ရေနံလုပ်ငန်း ဝန်ကြီးသည် အီရန်၊ ပါကစ္စတန်နှင့် အိန္ဒိယ ဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်း အကောင်အထည်ဖော်ရေးနှင့်ပတ်သက်၍ ဆွေးနွေးနိုင်ရန် မြို့တော်အစ္စလမ္မာဘတ်သို့ စနေနေ့က ရောက်ရှိလာသည်။

လာမည့်နှစ်ဦးတွင် အဆိုပါဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်း အကောင်အထည်ဖော်မှု စတင်နိုင်ရန် ပူးတွဲလုပ်ငန်းအဖွဲ့တစ်ရပ်ကို ပါကစ္စတန်နှင့် အိန္ဒိယ တာဝန်ရှိသူများက တနင်္လာနေ့တွင် ဖွဲ့စည်းလိုက်ကြသည်။

ဓာတ်ငွေ့ပိုက်လိုင်း စီမံကိန်း အကောင်အထည်ဖော်ရာတွင် နှစ်နိုင်ငံမှ တာဝန်ရှိသူများ၊ နည်းပညာရှင်များ၊ ဘဏ္ဍာရေးနှင့် တရားဥပဒေကျွမ်းကျင်သူပညာရှင်များ အချင်းချင်း ညှိနှိုင်းဆောင်ရွက်မှု ပြုလုပ်နိုင်စေရန် ပူးတွဲလုပ်ငန်းအဖွဲ့ကို ထူထောင်ရခြင်းဖြစ်ကြောင်း အိန္ဒိယရေနံလုပ်ငန်းဝန်ကြီးက ပါကစ္စတန်ဝန်ကြီးချုပ် ရှော်ခက် အဇစ်နှင့် တွေ့ဆုံဆွေးနွေးပြီးနောက် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ ကားဗုံးဖောက်ခွဲတိုက်ခိုက်ခံရသည့်နေရာတွင် လုံခြုံရေးဆောင်ရွက်ရန် ရောက်ရှိလာသော ကန်တပ်ဖွဲ့ဝင်များကို ဇွန် ၆ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်။)*

သွေးလွန်တုပ်ကွေး ဖြစ်ပွားမှု စောင့်ကြည့်ရန် ထိုင်းနိုင်ငံတွင် အရှိန်မြှင့် ဆောင်ရွက်နေ

ဗန်ကောက် ဇွန် ၉

ထိုင်းနိုင်ငံတွင် မိုးရာသီ စတင်ဝင်ရောက်တော့မည်ဖြစ်ရာ ထိုင်းကျန်းမာရေးဝန်ကြီးဌာနက နိုင်ငံတစ်ဝန်း သွေးလွန်တုပ်ကွေးဖြစ်ပွားမှုကို စောင့်ကြည့် လေ့လာရန် အရှိန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ထိုင်းနိုင်ငံတောင်ပိုင်းမှ ပြည်သူအများအပြား ယင်းရောဂါခံစားနေရသည်ဟု ဒေသန္တရ ရောဂါကာကွယ်ရေးရုံးမှ ညွှန်ကြားရေးမှူး ပွန်ဘော် ပလက်အား ကိုးကား၍ ထိုင်းသတင်းဌာနက တနင်္လာနေ့တွင် ဖော်ပြသည်။

ယင်းရောဂါ အများဆုံးဖြစ်ပွားနေသည့်ဒေသမှာ ဆွန်ခလာဖြစ်ပြီး ရောဂါဖြစ်ပွားသူ ၁၈၁ ဦးရှိကာ ထရန်ဒေသတွင် ၁၆၄ ဦးနှင့် ပက်တာလွန်ဒေသတွင် ၁၀၃ ဦး ရောဂါခံစားနေရကြောင်း သိရသည်။ လူဦးရေ အချိုးအစားအရ ဆိုပါက ဆာတွန်ထရန်နှင့် ပက်တာလွန်ဒေသတွင် သွေးလွန်တုပ်ကွေး ရောဂါဖြစ်ပွားသူ အများဆုံးဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အဆင့်မြင့်နည်းပညာပြပွဲ တရုတ်နိုင်ငံတွင် ကျင်းပမည် နည်းပညာ ပူးပေါင်းဆောင်ရွက်မှု တိုးတက်ရန်ရည်ရွယ်

ပေကျင်း ဇွန် ၈

အရှေ့မြောက်အာရှဒေသ အဆင့်မြင့်နည်းပညာပြပွဲ ၂၀၀၅ ခုနှစ် (အင်အီးအေအက်ဖ်)ကို တရုတ်နိုင်ငံ လျောင်နင်ပြည်နယ်၏ မြို့တော်ရှန်ယန်းတွင် လာမည့်စက်တင်ဘာလ၌ ကျင်းပမည်ဖြစ်ကြောင်း ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး တန်ဝေပင်းက ဇွန် ၆ ရက်တွင် ပြောကြားသည်။

စက်တင်ဘာ ၂၁ ရက်မှ ၂၄ ရက်အထိပြသမည့် အဆိုပါပြပွဲကို ပူးပေါင်းဆောင်ရွက်ရေး၊ တီထွင်ဆန်းသစ်ရေးနှင့် ဖွံ့ဖြိုးရေးဟူသော ဦးတည်ချက်များဖြင့် ပြသခြင်းဖြစ်သည်။ ထိုပြပွဲကြောင့် အာရှအရှေ့မြောက်ဒေသ၏ နည်းပညာနှင့် စက်မှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှု တိုးတက်လာရေးနှင့် နည်းပညာသစ်များ အသုံးချလာစေရေးအတွက် ရှေးရှုဆောင်ရွက်ခြင်းဖြစ်ကြောင်း တန်က ပြောကြားသည်။

အဆိုပါပြပွဲသို့ ဒေသတွင်း နိုင်ငံများ ပါဝင်ပြသလာစေရေးအတွက် ပြပွဲစည်းရုံးရေးကော်မတီသည် တောင်ကိုရီးယား၊ ဂျပန် စသည့် အရှေ့မြောက်အာရှဒေသနိုင်ငံများသို့ ခရီးသွားရောက်ကာ ဆွေးနွေးဖိတ်ခေါ်မှုများ ပြုလုပ်မည်ဖြစ်သည်။

အင်အီးအေအက်ဖ်ပြပွဲတွင် တရုတ်–ရုရှား နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးနှင့် တရုတ်–ကိုရီးယား နည်းပညာ ပူးပေါင်း ဆောင်ရွက်ရေးကိစ္စများကိုလည်း ဆွေးနွေး ဟောပြောကြမည့်အပြင် ပြည်တွင်း၊ ပြည်ပမှ တာဝန်ရှိသူများ၊ စီးပွားရေးသမားများနှင့် ကျွမ်းကျင်သူများပါဝင်သော ပရိသတ် ၅၀၀၀၀ ကျော် တက်ရောက်ကြမည်ဟု မျှော်လင့်ကြောင်း တန်က ပြောဆိုသည်။

ယင်းပြပွဲတွင် နည်းပညာဆွေးနွေးပွဲများသာမက စီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ နီးနှောဖလှယ်ပွဲများလည်း ပြုလုပ်သွားကြမည်ဖြစ်သည်။ ထို့အပြင် ပြပွဲအတွင်း ဆေးဝါးဆိုင်ရာ နည်းပညာသစ်များအပိုင်းနှင့် ပတ်သက်၍လည်း လေလံပွဲများကိုပါ ကျင်းပသွားရန်ရှိသည်။

ရှန်ယန်းတွင် ပထမအကြိမ် အင်အီးအေအက်ဖ်ပြပွဲကို ကျင်းပစဉ်က ပြည်တွင်း၊ ပြည်ပမှ ပရိသတ် ၂၀၀၀၀ တက်ရောက်ခဲ့ကြပြီး စီးပွားရေးဆိုင်ရာ ကန်ထရိုက်ပေါင်း ၃၀၀ ကျော်ကို ချုပ်ဆိုနိုင်ခဲ့သည်ဟုဆိုသည်။ ထိုစဉ်က ချုပ်ဆိုနိုင်ခဲ့သော စာချုပ် စုစုပေါင်း၏တန်ဖိုးမှာ အမေရိကန်ဒေါ်လာ သန်း ၂၄၀ ရှိသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

အင်ဒိုနီးရှားတွင် ဂျပန် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်မည်

ဂျကာတာ ဇွန် ၉

ဂျပန် စီးပွားရေးလုပ်ငန်းရှင်များသည် အင်ဒိုနီးရှားနိုင်ငံတွင် တစ်နှစ်အတွင်း အမေရိကန်ဒေါ်လာ ဘီလီယံ ၂၀ ထက်မနည်း ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရန် စီစဉ်လျက်ရှိကြောင်း ပြည်တွင်းမီဒီယာသတင်းများက အင်္ဂါနေ့တွင် ဖော်ပြသည်။

အစိုးရအနေဖြင့် အလုပ်သမားဥပဒေနှင့် အခွန်ဥပဒေတို့ကို ပြောင်းလဲသတ်မှတ်ပေးထားပြီး ဖြစ်ကြောင်း၊ အင်ဒိုနီးရှားတွင် ရင်းနှီးမြှုပ်နှံမှု အခြေအနေကောင်းများရှိကြောင်း အင်ဒိုနီးရှားသမ္မတ ဆူဆီလိုဘမ်ဘန်းယူဒိုယိုနိုက ရှင်းပြသည်။ အင်ဒိုနီးရှားနိုင်ငံရှိ စီးပွားရေးကဏ္ဍများတွင် လောလောဆယ် လာရောက် ရင်းနှီးမြှုပ်နှံလိုသည့် ဂျပန်ကုမ္ပဏီရှစ်ခုရှိသည်ဟု အင်ဒိုနီးရှားကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များ အဖွဲ့ဥက္ကဋ္ဌ အမ်အက်စ်ဟီဒါယတ်က ပြောကြားကြောင်း ဘစ္စနစ် အင်ဒိုနီးရှားသတင်းစာက ဖော်ပြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဂျပန်နိုင်ငံ တိုရှီဘာကုမ္ပဏီက ထုတ်လုပ်သော ဒီဂျစ်တယ်ကင်မရာ အမျိုးအစားသစ်အား အရောင်းမြှင့်တင်ရေး ပြပွဲတစ်ခု၌ ပြသထားသည်ကို ဇွန် ၉ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

အိန္ဒိယနိုင်ငံ၏ စီမံခန့်ခွဲရေးပိုင်း အရည်အသွေး ပိုမိုကောင်းမွန် ပြည်ပမှ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာ

ဝါရှင်တန် ဇွန် ၉

အိန္ဒိယနိုင်ငံ၏ စီမံခန့်ခွဲရေးပိုင်းတွင် အရည်အသွေး ပိုမိုကောင်းမွန်လာသည့်အတွက် ယခုအခါ ပြည်ပမှ ရင်းနှီးမြှုပ်နှံလိုသူများကို ဆွဲဆောင်ရာ၌ ပိုမိုအားကောင်းလာကြောင်း ဇွန် ၆ ရက်ထုတ် အမေရိကန် ဘဏ္ဍာရေး နေ့စဉ်သတင်းတွင် ရေးသားဖော်ပြထားသည်။

ကမ္ဘာလုံးဆိုင်ရာ ယှက်နွယ်ဖြစ်ပေါ်မှုဖြစ်စဉ်အရ အုပ်ချုပ်ရေးပိုင်းတွင် အရည်အသွေးကောင်းမွန်လာသဖြင့် ပြည်ပရင်းနှီးမှုများစီးဝင်လာပြီး အိန္ဒိယနိုင်ငံသည် အကျိုးခံစားရလျက်ရှိကြောင်း ဝေါလ်စထရိဂျာနယ်က ဆိုသည်။

တိုးတက်လာ

အိန္ဒိယတွင်ပြည်ပမှတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာပြီး စီးပွားရေးတိုးတက်လာသော်လည်း တရုတ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုကိုမှီ အစားထိုးနိုင်မည့် အခြေအနေမရှိဟု ဆိုသည်။ တရုတ်တွင် လုပ်ငန်းလုပ်ကိုင်သူများအတွက် ကျယ်ပြန့်သော ဈေးကွက်သည် ဆွဲဆောင်မှုရှိနေပြီး အိန္ဒိယတွင် လုပ်ကိုင်သူများအတွက် ရင်းနှီးမှုအပေါ် ပြန်ရချက် အားကောင်းသော အခြေအနေသည် ဆွဲဆောင်မှုအဖြစ် တွေ့ရကြောင်း ဟောင်ကောင်အခြေစိုက် လီွှုင်နပ်စ် ဘဏ္ဍာရေးလုပ်ငန်းမှ စီးပွားရေးဌာန အကြီးအကဲ ဂျင်ဝါကာက ပြောကြားသည်ကို ကိုးကား၍ ဘဏ္ဍာရေးနေ့စဉ်က ရေးသားခဲ့သည်။

အိန္ဒိယတွင် ရင်းနှီးမြှုပ်နှံရန် စရိတ်ကြီးမြင့်မှုသည်ပင် စီမံခန့်ခွဲမှုအရည်အသွေးမြင့်လာစေရန် အခြေအနေကို ဖန်တီးပေးသကဲ့သို့ ဖြစ်လာသည်ဟုဆိုသည်။

အရည်အသွေး

အိန္ဒိယကုမ္ပဏီများသည် ၎င်းတို့နိုင်ငံတွင် အရင်းအနှီး ရရှိရန် စရိတ်ကြီးမြင့်သဖြင့် ငွေကြေး အလေအလွင့် မရှိစေရန် စွမ်းဆောင်ရာမှ စီမံမှုအရည်အသွေး တက်လာခြင်းဖြစ်ကြောင်း အမေရိကန် ဘဏ္ဍာရေးလုပ်ငန်းတစ်ခုဖြစ်သော ဝါးဘတ်ပင်ကပ်စ်မှ ပူးတွဲဥက္ကဋ္ဌ ချပ်စ်ကေးက ပြောကြားသည်။ ထိုလုပ်ငန်းသည် အိန္ဒိယနိုင်ငံတွင် အရင်းအနှီးပမာဏ အမေရိကန်ဒေါ်လာ သန်း ၁၀၀၀ နီးပါး မြှုပ်နှံထားသည်။ ***အမ်အင်အေ၊ပီတီအိုင်။***

အပြည်ပြည်ဆိုင်ရာ ရေအားလျှပ်စစ် ကွန်ဖရင့် နီပေါတွင် ကျင်းပ

ခတ္တမန္ဒူ ဇွန် ၈

ရေအားလျှပ်စစ်လုပ်ငန်းများ ဖွံ့ဖြိုးရေးနှင့် ချဲ့ထွင်ရေးဆိုင်ရာ အတွေ့အကြုံများဖလှယ်ရေးနှင့် ဆွေးနွေးရေး အစီအစဉ်များပါဝင်သော ဆဋ္ဌမအကြိမ် အပြည်ပြည်ဆိုင်ရာ ရေအားလျှပ်စစ်ကွန်ဖရင့် အစည်းအဝေးကို နီပေါနိုင်ငံ ခတ္တမန္ဒူတွင် ဇွန် ၇ ရက်က စတင်ကျင်းပသည်။ ဇွန် ၇ ရက်မှ ၉ ရက်အထိ အဆိုပါအစည်းအဝေးသို့ တရုတ်နိုင်ငံ အပါအဝင် အာရှ–အာဖရိက ၂၅ နိုင်ငံမှ ကိုယ်စား လှယ်ပေါင်း ၃၅၀ တို့ပါဝင်တက်ရောက်ကြသည်။ ထိုအစည်းအဝေးကို အာရှ–အာဖရိကဒေသ အပြည်ပြည်ဆိုင်ရာ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေး၊ ပို့လွှတ်ရေးနှင့် ဖြန့်ဖြူးရေးအဖွဲ့၊ နီပေါနိုင်ငံ လျှပ်စစ်ဓာတ်အား အာဏာပိုင်အဖွဲ့နှင့် အိန္ဒိယနိုင်ငံ ဓာတ်အားလုပ်ငန်းတို့က ကမကထပြုလုပ်ခြင်းဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အဘိုးပြောပြချင်တဲ့စကား

တက္ကသိုလ်လှမောင်

ကျောင်းတွေဖွင့်ပြီ။

မြေးဦးမလေး'ဆု' (ဆုသန့်စင်)သည်ပင် ကျောင်းနေအရွယ်(၅)နှစ်ပြည့်လို့ ကျောင်းစတက်တော့မည်။ မြေးမလေး'ဆု'သည် ကျောင်းစိမ်းဝတ်စုံလေးနှင့် လှနေသည်။

အဘိုးက မြေးမလေး၏ နဖူးပြင်လေးကိုငုံ့၍ မွှေးမွှေးပေးရင်း နှုတ်ဆက်လိုက်၏။ "သမီးလေး ဒီနေ့မှစ၍ ပညာသင်ဘဝတစ်လျှောက်လုံး ထူးထူးချွန်ချွန် သင်နိုင် ကြားနိုင် တတ်မြောက်နိုင်ပါစေ၊ တာဝန်တွေကို ထူးထူးခြားခြား ထမ်းဆောင်နိုင်ပြီး နိုင်ငံတော်ရဲ့အမျိုးကောင်းသမီးလေးတစ်ဦး ဖြစ်လာပါစေကွယ်" အဘိုးနှုတ်က တရွရွနှင့် ဆုတွေပေးနေမိသည်။

အဘိုးရင်တွင်းမှာတော့ မြေးမလေးကို ပြောပြချင်နေသည့် စကားလုံးတွေက အပြည့်။

သြော်-မြေးမလေး 'ဆု'ပင် ကျောင်းနေအရွယ်(၅)နှစ်ပြည့်လို့ ဒီနေ့ ကျောင်းစနေပါပေါ့လား။ လွန်ခဲ့သော ငါးနှစ်-နှစ်သစ်ကူးတဲ့ နှစ်ဆန်း ၂ ရက်နေ့မှာ ကျွန်တော်၏ တစ်ဦးတည်းသောသမီးလေးမှ ဤမြေးဦးမလေးကို မွေးဖွားသန့်စင်ပေးခဲ့၏။ နှစ်သစ်နှင့်အတူ လောကကြီးထဲသို့ ရောက်လာခဲ့သော မြေးမလေး 'ဆု'၊ အတာရေလိုအေးမြချမ်းသာပါစေသတည်းဟူ၍ အဘိုးဆုတွေ ပေးခဲ့ဖူးပါသည်။ သန့်စင်တဲ့ ဆုလာဘ် ကလေးအဖြစ်နဲ့ ရောက်လာခဲ့တယ်ဆိုပြီးတော့ 'ဆုသန့်စင်'လို့ ခေါ်ဝေါ်ခဲ့ပါတယ်၊ ချစ်စနိုးနဲ့ခေါ်တော့ 'ဆု' ပေါ့။ အဘိုးရင်တွင်းက ကဗျာလေးတစ်ပွင့်တောင် ဖူးပွင့်ခဲ့မိသေး။ နောက်ဆုံးအပိုဒ်ကလေးကို အဘိုးပြန်ရွတ်ပြမယ်-

"အဘိုးအဘွားရယ်၊ ပြုံအံ့တရွှင်ရွှင်နဲ့၊
ဆု-သန့်သန့်စင်စင် လေးတွေပေးပါ့မယ်၊
အအေး အမြ အသာ ခြယ်လှယ်ဝင်းလို့၊
တေးအလှကဗျာ ကြွယ်ကြွယ်မင်း၊
သြော်-ဘေးဘယဘယာ သွယ်သွယ်ကင်း"

ဘာပဲဖြစ်ဖြစ် အဘိုးပြောချင်တာကတော့ လောကထဲကို ရောက်လာတဲ့ လူသားလေးတွေမှန်သမျှ လောကအတွက် ဆုလာဘ်ကလေးတွေပါပဲကွယ်။ လောကကို ကောင်းကျိုးပြုမယ့်သူလေးတွေ ဖြစ်စေချင်တာပေါ့။ လာခြင်းကောင်းသူလေးတွေချည်း ဖြစ်စေချင်ပါတယ်။ လူ့ဘဝဆိုတာ ရခဲတယ်မဟုတ်လား။ လူ့ဘဝရောက်လာထိုက်တဲ့ ကုသိုလ်ကံကောင်းတွေရှိမှ လူ့ဘဝကို ရောက်လာနိုင်တာ။

နောက်ပြီး လူ့ဘဝဆိုတာက အကြာကြီးနေရတဲ့ ဘဝမျိုးလဲမဟုတ်၊ ရေပွက်ပမာ ခဏတာပါပဲတဲ့။ လူ့ဘဝဆိုတာ ဧည့်သည်အဖြစ်နဲ့ ခဏလေးပဲ ရောက်လာကြတာ။ ဒီခဏလေးရောက်လာတဲ့ ကာလလေးမှာ ကောင်းကျိုးလေးတွေ ပြုသွားဖို့ လိုတာပေါ့နော်။ အကုသိုလ်တွေ ဒုစရိုက်တွေပြုလုပ်ဖို့ လူ့ဘဝရောက်လာတယ်ဆိုရင်တော့ မရောက်လာတာကမှ သက်သာလိမ့်ဦးမယ်။

လူဆိုတာ လူစိတ်ရှိရမှာပေါ့ကွယ်။ အရိုင်းတိရစ္ဆာန်စိတ်မျိုးတွေရှိနေရင် လူလို့ ဘယ်လိုခေါ်ရတော့မှာလဲ။ လူဆိုတာ အကျိုးရှိတာနဲ့ အကျိုးမရှိတာကို ခွဲခြားသိတတ်ရမယ်။ နောက်ပြီး အပြစ်ရှိတာနဲ့ အပြစ်မရှိတာကိုလဲ ခွဲခြားသိတတ်ရမယ်။ တိရစ္ဆာန်နဲ့ လူနဲ့ ကွာတာက အဲဒီခွဲခြားသိတတ်တဲ့ အသိဉာဏ်ပါပဲ။ ခြင်္သေ့က သမင်ကို ဖမ်းစားမယ်၊ မြွေက ဖားကိုမျိုမယ်၊ ကြောင်က ကြွက်ကို တကျွတ်ကျွတ်ဝါးမယ်၊ ကိုယ့်အကျိုးစီးပွားအတွက်ဆိုရင် ဘယ်လိုရက်စက်ရ ရက်စက်ရ ရက်စက်မယ်၊ ဒါဟာ တိရစ္ဆာန်ဉာဉ်၊ တိရစ္ဆာန်စရိုက်၊ တိရစ္ဆာန်အကျင့်ပဲပေါ့။ တိရစ္ဆာန်အလေ့စရိုက်တွေကို အရိုင်းအစိုင်းစရိုက်၊ အရိုင်းအစိုင်း အကျင့်လို့ ခေါ်ရတာပေါ့။ အခုပြောနေတဲ့ အကြမ်းဖက်ဝါဒ (Terrorism)ဆိုတာလဲ အရိုင်းအစိုင်း အလေ့အကျင့်တွေပါပဲ။

အဘိုးက Terrorism ဆိုတာထက် Brutalityဆိုတဲ့စကားလုံးကို ပိုသုံးချင်တယ်။ အကြမ်းဖက်ဝါဒဆိုတာထက် တိရစ္ဆာန်အမူအကျင့်စရိုက်လို့ သုံးချင်တယ်။ Brutality ဆိုတဲ့ အဓိပ္ပာယ်က ရိုင်းစိုင်းသော၊ ရက်စက်သော၊ လူမဆန်သော၊ ကြမ်းတမ်းခက်ထန်သော၊ ကျိုးကြောင်းဆင်ခြင်မှုမရှိသော၊ တွေးခေါ်မြော်မြင်ဉာဏ်ကင်းမဲ့သော၊ မယဉ်ကျေးသော၊ တိရစ္ဆာန်ကဲ့သို့သော တိရစ္ဆာန်မှာမှ အဆင့်အလွန်နိမ့်သော သားရဲတိရစ္ဆာန်တို့၏ အလေ့အကျင့်ဖြစ်သော ဆိုသည့်အချက်တွေ ပေါင်းစပ်ပါဝင်နေပါတယ်။

မေတ္တာတရားဆိုတာ ဒေါသတရားကင်းတဲ့ အဒေါသတရားပါ၊ မေတ္တာတရားရဲ့ ဆန့်ကျင်ဘက်က ဒေါသတရား၊ ဒေါသစိတ်ဆိုတာကြမ်းတမ်းတဲ့ စိတ်ကိုခေါ်ပါတယ်။ ဒေါသစိတ်တွေ၊ မလိုမုန်းထားတဲ့စိတ်တွေ၊ မကျေနပ်မနှစ်သက် သဘောမကျ အလိုမကျ စိတ်တွေနဲ့ ဆောင်ရွက်တာမှန်သမျှ ဒေါသစိတ်နဲ့ ကျူးလွန်ကြတာပါပဲ။ နောက်ပြီး ဒီမကောင်းတဲ့ဒေါသစိတ်ကလဲ အတိတ်မကောင်းကံတွေကနေ စုဝေးကိန်းအောင်းနေတဲ့ အနုသယတွေပါပဲ။ ဒေါသကြောင့် ငရဲရောက်ရတယ်ဆိုတော့ ငရဲကို မလွဲမသွေကျရောက်တော့မှာပါပဲ။

'သဒိသံ ပါကံဒနေတိ'တူသောအကျိုးကိုပေးတတ်၏တဲ့၊ အခု ဗုံးဖောက်ခွဲခြင်းစတဲ့ တိရစ္ဆာန်စိတ်ဓာတ်နဲ့လုပ်ရပ်တွေဟာလဲ တူသောအကျိုးပေးကို မလွဲမသွေပြန်ခံရမှာပါပဲ။ ခံရသူတွေကို နှလုံးပူဆွေး သောကရောက်စေတယ်။ မြင်ရကြားရသူအပေါင်းကိုလဲ ချောက်ချားထိတ်လန့်တုန်လှုပ်စေတယ်။ သွားလာလုပ်ကိုင်စားသောက်သူတွေအတွက်လဲ တထိတ်ထိတ်တလန့်လန့်နဲ့ စိတ်နှလုံးညှိုးချုံးရတယ်။ ဘယ်သူ့ကိုမှ အကျိုးမပြုပါဘူး။

ပြည်သူအများ နှလုံးစိတ်ဝမ်းညှိုးနွမ်းစေရတယ်ဆိုတာ ဘယ်လောက်ကြီးမားတဲ့ အကုသိုလ်ကံလုပ်ငန်းပါလဲ။ အဲဒီကျူးလွန်လိုက်မှုတွေဟာ ဒီဘဝမှာပဲ တူသောအကျိုးပေးကိုခံရမှာပဲ။ သံသရာမှာလဲ လူ့ဘုံကို ပြန်ရောက်ဖို့ ဘယ်လိုမှ မဖြစ်နိုင်တော့ဘူး။ ငရဲမှာ ခံရတော့မှာပဲ၊ ငရဲဆိုတာ ချမ်းသာတစ်စိုးတစ်စိမျှ မရှိ၊ အမြဲဆင်းရဲဒုက္ခအတိခံနေရတဲ့နေရာကို ခေါ်တာပါ။ ငရဲဘုံဆိုတာ သတ္တဝါ တွေရဲ့ ပြုလုပ်တဲ့မကောင်းကံတွေကြောင့် ပေါ်လာရတာ။

ငရဲကျရင် သက်တမ်းအကန့်အသတ်မရှိပါဘူး။ ငရဲတစ်ခါရောက်ရင် ကမ္ဘာတွေနဲ့ချီပြီးခံကြရတော့မယ်ဆိုတော့ လူ့ဘုံကိုဘယ်လိုမှ ပြန်မရောက်နိုင်တော့ဘူး။ ဒါကြောင့် မြတ်စွာဘုရားက လိပ်ကန်း ထမ်းပိုးစွပ်ဆိုတဲ့ တရားကို ဟောခဲ့တာ။

လိပ်ကန်းကြီးတစ်ကောင်ဟာ သမုဒ္ဒရာအောက်ကနေ ရေပြင်ပေါ်ကို အနှစ်တစ်ရာနေမှတစ်ခါ ခေါင်းလေးပေါ်လာနိုင်ပါသတဲ့။ အပေါက်တစ်ပေါက်တည်းပါတဲ့ ထမ်းပိုးကြီးတစ်ခုဟာလဲ သမုဒ္ဒရာထဲမှာ မျောချင်ရာမျောနေပါသတဲ့။ အဲဒီ လိပ်ကန်းဦးခေါင်းနဲ့ ထမ်းပိုးအပေါက်စွပ်မိရင် စွပ်မိမယ်။ လူ့ဘဝကို ရဖို့တော့ မလွယ်ပါဘူးတဲ့။ မြတ်စွာဘုရားက လက်သည်းခွံပေါ်ကသဲ ဥပမာနဲ့ ပြတော်မူပါသေးတယ်။ လက်သည်းခွံပေါ်ကသဲမျှလောက်သာ လူ့ဘုံနတ်ဘုံကို ရောက်နိုင်ပါတယ်။ သဲသောင်ပြင်က သဲလုံးအမျှကတော့ ငရဲပြည်ကိုကျရောက်ရတာပဲတဲ့။

ဒီတော့ လူ့ဘဝဆိုတာရခဲသလို တိုလဲတိုတောင်းလှပါတယ်။ ဒီတိုတောင်းလှတဲ့ ဘဝတိုတိုလေးကို အဘိုးတို့ဟာ အစမ်းသပ်ခံရောက်လာကြတယ်လို့ပဲ ဆိုချင်တယ်။ ဒီဘဝတိုတိုလေးမှာ မကောင်းမှုတွေပြုမှာလား၊ ကောင်းကျိုးတွေ ဆောင်မှာလား။ မကောင်းမှုကံရဲ့ အပြစ်ကတော့ ငရဲမှာခံရမှာပဲ။ ငရဲကြီးရှစ်ထပ်ရှိတယ်၊ ငရဲငယ်တွေလဲရှိသေးတယ်။ ဘယ်လိုမှ ပြန်မလွတ်နိုင်တော့ဘူး။ လူစိတ်မရှိ တိရစ္ဆာန်စိတ်နဲ့ ရက်စက်ကြမ်းကြုတ်ယုတ်မာသူတွေဟာ ငရဲမှာ သူတို့ပြုတဲ့ကံတွေ အလျောက် ခံရတော့မှာမလွဲပါဘူး။

တောရိုင်းတိရစ္ဆာန်တွေရဲ့ ရိုင်းပျမှုသဘာဝ Wilderness of the beast, Beast-Likeဆိုတာ ကြီးနိုင်ငယ်ညှဉ်းဆဲဝါဒ၊ နိုင်ရာစားဝါဒ၊ အားနည်းသူကို အားကြီးသူက စိုးမိုးခြယ်လှယ်ချင်တဲ့ဝါဒ၊ ဖိအားပေးအကျပ်ကိုင်တဲ့ဝါဒစတဲ့ မတရားတဲ့လုပ်ရပ်တွေပါပဲ။ Inhuman , Beast-Like လူမဟုတ်တဲ့ သတ္တဝါတွေရဲ့ အကျင့်အကြံဓလေ့စရိုက်တွေလို့ ဆိုချင်ပါတယ်။

မြေးမလေး'ဆု'တို့ကို သင်ကြားပေးမယ့် ကျောင်းတော်ကြီးတွေက လိမ္မာရေးခြားရှိဖို့၊ လူသားအကျိုးပြုပညာရပ်တွေ ကျွမ်းကျင်တတ်မြောက်ဖို့၊ လူသားတွေ အပေါ်မှာ မေတ္တာထားတတ်ဖို့ ပညာရပ်တွေကို သင်ကြားပေးမှာပါကွယ်။ ဒါကြောင့် ကျောင်းနေအရွယ်တိုင်း ကျောင်းနေနိုင်ကြဖို့လိုအပ်ပါတယ်။ ကျောင်းနေရမယ့်အရွယ်တိုင်း ကျောင်းမနေနိုင်သေးတဲ့ ကလေးတွေလဲ ရှိနေပါသေးတယ်။ ဒါကြောင့်လဲ 'ကျောင်းအပ်နှံရေးနေ့' အခမ်းအနားတွေနဲ့ လှုံ့ဆော်နေရတာပေါ့ကွယ်။

ကျောင်းတော်ကြီးတွေက သင်ပေးလိုက်တဲ့အထဲမှာ အဖျက်လုပ်ငန်းတွေလုပ်ဖို့၊ လူတွေကို ရက်စက်ညှဉ်းပန်းဖို့၊ အရိုင်းအစိုင်းတိရစ္ဆာန်စိတ်တွေထားကြဖို့ ဘယ်ကျောင်းတော်ကမှ သင်မပေးပါဘူး။ ယုတ်မာရိုင်းစိုင်းမှု၊ လူကုန်ကူးမှု၊ ညှဉ်းပန်းနှိပ်စက်မှုဆိုတာတွေက သမီးလေးတို့ အမျိုးသမီးလေးတွေအတွက် ပိုပြီး အန္တရာယ်ကြီးမားပါတယ်။ ဘဝမလုံမခြုံဖြစ်ရပါတယ်။ ဒါကြောင့် အမျိုးသမီးရေးရာအဖွဲ့တွေဖွဲ့ပြီး အမျိုးသမီးဘဝလုံခြုံရေးတွေအတွက် ဆောင်ရွက်နေကြရတာပါပဲ။

လူဆိုတာအရိုင်းဘဝကနေ အယဉ်ဘဝကိုတရွေ့ရွေ့ ကူးပြောင်းလာရတယ်။ သားရိုင်းတိရစ္ဆာန်တွေလို သားစိမ်းငါးစိမ်းစားတဲ့ဘဝမျိုးကနေ တဖြည်းဖြည်း ယဉ်ကျေးတိုးတက်လာရတယ်။ ယဉ်ကျေးသိမ်မွေ့တဲ့ လူသားလေးတွေဖြစ်လာအောင် ဘာသာတရားတွေဆိုတာ ပေါ်လာရတယ်။ အဘိုးတို့ကိုးကွယ်တဲ့ ဗုဒ္ဓဘာသာမှာလဲ မဟာဂန္ဓာရုံဆရာတော်ကြီးက-

ဘုရားရှင်တော်၊ မပွင့်ပေါ်လျှင်
လူတော်အများ၊ စိတ်ကောင်းထားလဲ၊
ဤကားကုသိုလ်၊ အကုသိုလ်နှင့်၊
ထိုထိုဘုံဘဝ မသိရ၊ များလှအပြစ်တွေ- - တဲ့။ ဘုရားရှင်တော် မပွင့်ပေါ်ခင်ကဆိုလျှင် လူတွေဟာ ကုသိုလ် အကုသိုလ်ဆိုတာကို ခွဲခြားမသိနိုင်ခဲ့ကြဘဲ အပြစ်တွေများစွာကျူးလွန်ခဲ့ကြပါတယ်။ လူပင်ဖြစ်သော်လည်း ဘယ်ဟာအပြစ်ရှိတယ်၊ ဘယ်ဟာအပြစ်မရှိဘူးဆိုတာ ခွဲခြားမသိနိုင်ခဲ့ကြပါဘူး။ ဒါကြောင့် ယဉ်ကျေးသိမ်မွေ့တဲ့ လူသားလေးတွေဖြစ်အောင် ဘာသာတရားကိုလဲ ကိုးကွယ်ရမယ်။ ရတနာသုံးပါးကို မမေ့ရဘူး။ ဗုဒ္ဓရဲ့ဖြန့်ကြက်ထားတဲ့ မဟာကရုဏာတော်အောက်မှာ သတ္တဝါအများ မေတ္တာတရားဖြင့် ဆက်ဆံပေါင်းသင်းကြပြီ ဆိုရင်တော့ လာခြင်းကောင်းသူများအဖြစ်၊ လောကအတွက် ထိုက်တန်တဲ့ဆုလာဘ် ကလေးများ သဖွယ် တင့်တယ်လှပနေမှာပါပဲ။

မြေးမလေး ကျောင်းစနေပြီဆိုတော့ အသက်အရွယ်အလိုက် အတန်းတွေလဲ မြင့်မားလာတော့မယ်။ မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ် စတဲ့ အတန်းပညာမြင့်လာတာနဲ့အတူ ဉာဏ်ရည်ဉာဏ်သွေးတွေလဲ ရင့်သန်ထက်မြက်လာမှာပါပဲ။ အသက်အရွယ်လေးတွေ ပြောင်းလဲလာတာနဲ့အတူ စိတ်နေစိတ်ထား စိတ်ကစားမှုလေးတွေလဲရှိလာမယ်။ ဘယ်လိုအခြေအနေမျိုးနဲ့ပဲ ကြုံရကြုံရ မတုန်မလှုပ် ရင်ဆိုင်နိုင်ဖို့လိုပါတယ်။ စိတ်ကောင်းနှလုံးကောင်းလေးထားပြီး ရင်ဆိုင်သွားရင် အရာရာကိုအောင်မြင်စွာ ကျော်လွှားသွားမှာပါပဲလို့ အဘိုးပြောချင်ပါတယ်။ ယောနိသောမနသိကာရပေါ့ကွယ်။ အရာရာကိုသင့်တင့်မျှတစွာ နှလုံးသွင်းတတ်ဖို့လိုပါတယ်။

နောက်ပြီး ကျေးဇူးတရားတွေကို မမေ့ရဘူး၊ ကျေးဇူးပြုတတ်ရမယ်။ ကျေးဇူးသိတတ်ရမယ်။ ကျေးဇူးဆပ်တတ်ရမယ်။ အဘိုးတို့ မင်္ဂလာတရား(၃၈)ပါးမှာ ကတညုတ ကတဝေဒီဆိုတဲ့ မင်္ဂလာပါတယ်။ သူပြုဖူးတဲ့ကျေးဇူးကို သိတတ်ရမယ်။ အဲဒီ ကျေးဇူးကိုသိတဲ့အလျောက် ပြန်လည်ဆပ်တတ်ရမယ်။ ကျေးဇူးတရားဆိုရာမှာ ခက်ခဲခြင်းနှစ်မျိုးရှိပါသတဲ့။ ရှေးဦးကျေးဇူးပြုဖို့ ခက်ခဲသလို အဲဒီ ကျေးဇူးကိုသိတတ်ပြီးပြန်ဆပ်ဖို့က ပိုခက်ခဲပါသတဲ့။

ဒါကြောင့် မြေးမလေးကို ကျေးဇူးသိတတ်ဖို့နဲ့ အဲဒီကျေးဇူးကိုပြန်ဆပ်တတ်ဖို့ အဘိုးပြောချင်တာပါပဲ။ ကျေးဇူးရှိသူတွေနဲ့ ကျေးဇူးတရားကို သိတတ်ရမယ်၊ နောက်ပြီး ပြန်ဆပ်ရမယ်၊ ဘယ်သူကကျေးဇူးရှိတယ်၊ ဘယ်သူကကျေးဇူးမရှိဘူး ဆိုတာခွဲခြားတတ်ရမယ်။ အခုသမီးလေး ကျောင်းစတက်တယ်ဆိုရင်ပဲ သမီးလေးကို သင်ပေးမယ့်ဆရာ၊ ဆရာမတွေအပါအဝင် သမီးနေမယ့်ကျောင်းတော်ကြီးကလဲ ကျေးဇူးရှင်ပဲ၊ ဒီလိုပါပဲ သမီးလေးကိုပြုစုပျိုးထောင်ပေးခဲ့သူမှန်သမျှနဲ့ သမီးလေး နေနေတဲ့ အမိမြန်မာနိုင်ငံတော်ကြီးကလဲ သမီးလေးရဲ့ကျေးဇူးရှင်တွေပါပဲ။

သူများနိုင်ငံ၊ သူများလူမျိုးကို မေတ္တာထားရမယ်ဆိုသော်လည်း မိမိနိုင်ငံ မိမိလူမျိုးသည်သာ မိမိ၏ အရင်းအမြစ်အကျဆုံးသော ကျေးဇူးရှင်ဖြစ်နေတာမို့ မိမိနိုင်ငံ၊ မိမိလူမျိုး၏ ဂုဏ်ကျေးဇူးကို အရင်သိတတ်ရမယ်။ အရင်ဦးစားပေးပြီး ဆပ်တတ်ရမယ်။ မိမိနိုင်ငံကိုကျော်ပြီး သူများနိုင်ငံကို သစ္စာတော်ခံတာမျိုးတွေ သမီးလေးတို့ခေတ်မှာ မကြုံတွေ့စေလိုပါ။

သမီးလေးတို့ကြီးပြင်းလာမယ့်ခေတ်မှာ သမီးလေးတို့က အစစအရာရာ သာလွန်ထူးချွန်နေမှ နိုင်ငံတကာမှာ မျက်နှာပန်းလှပါလိမ့်မယ်။ သမီးလေးတို့ ခေတ်မှာ နိုင်ငံတကာနဲ့ ပြိုင်ဆိုင်ရမှာတွေ ပိုများလာတော့မယ်။ ပိုပြင်းထန်လာတော့မယ်။ မြေးလေးတို့ အဘက်ဘက်က ကြိုးစားနိုင်မှ တန်ကာကျပါလိမ့်မယ်။ ဒါကြောင့် မျိုးချစ်စိတ်ကို အမြဲထိန်းထားရပါလိမ့်မယ်။ မျိုးချစ်စိတ်နဲ့ တောင့်ခံထားနိုင်မှ မြန်မာနိုင်ငံတော်ကြီးခိုင်ခံ့တည်တံ့နိုင်ပါလိမ့်မယ်။ နောက်ပြီး အဘိုးတို့အစဉ်တစိုက် ထိန်းသိမ်းလာခဲ့တဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေကို မြေးမလေး တို့က ဆက်လက်ထိန်းသိမ်းသွားရမယ်။ လူမျိုးလို့ လူမျိုးမပျောက်၊ ယဉ်ကျေးမှုမျိုးမှ လူမျိုးပျောက်မယ်ဆိုတာ အမြဲသတိချပ်နေရမှာပါကွယ်။

သူများနိုင်ငံ၊ သူများလူမျိုးကို မေတ္တာထားရမယ်ဆိုသော်လည်း မိမိနိုင်ငံ မိမိလူမျိုးသည်သာ မိမိ၏ အရင်းအမြစ်အကျဆုံးသော ကျေးဇူးရှင်ဖြစ်နေတာမို့ မိမိနိုင်ငံ မိမိလူမျိုး၏ ဂုဏ်ကျေးဇူးကို အရင်သိတတ်ရမယ်။ အရင်ဦးစားပေးပြီး ဆပ်တတ်ရမယ်။ မိမိနိုင်ငံကို ကျော်ပြီး သူများနိုင်ငံကို သစ္စာတော်ခံတာမျိုးတွေ သမီးလေးတို့ခေတ်မှာ မကြုံတွေ့စေလိုပါ။

မြေးမလေးတို့ မျိုးချစ်စိတ်အပြည့်နဲ့ စိတ်ကောင်းစေတနာကောင်းရှိတဲ့ အသိပညာရှင် အတတ်ပညာရှင်လေးတွေဖြစ်အောင် ကြိုးစားကြစမ်းပါ။ နိုင်ငံတော်ကြီး တိုးတက်ဖို့ဆိုရင် အသိဉာဏ်ပညာတွေလိုပါတယ်။ အဲဒီအသိဉာဏ်ပညာတွေကို သမီးလေးတို့နေတဲ့ ကျောင်းတော်ကြီးတွေက ပေးပါလိမ့်မယ်။ အသိဉာဏ်ပညာနဲ့ ပတ်သက်လို့ကတော့ လေ့လာဆည်းပူးလို့ ဘယ်တော့မှမဆုံးပါဘူး။ Education for life တဲ့ Learning for life တဲ့။ ရာသက်ပန် သင်ကြားလေ့လာနေရမှာပါပဲ။ သင်ကြားမှုဆိုတာ ဘယ်တော့မှ ကုန်နိုင်တယ် ဆုံးနိုင်တယ်ဆိုတာ မရှိပါဘူး။

အဘိုးပြောပြချင်တဲ့စကားတွေကတော့ အများကြီးပါပဲ။ မြေးမလေးက အခုကျောင်းစတက်တော့မယ် ဆိုတော့ မြေးမလေးဘဝတစ်လျှောက်လုံးတွေ့ရကြုံရ ရင်ဆိုင်ရမယ့် လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ အိမ်ထောင်ရေးရာအားလုံးကို ပြောပြလိုက်ချင်တာပါပဲ။ ဒါပေမယ့် အခုတော့ဒီလောက်ပါပဲ။ အဘိုးပြောခဲ့တာတွေကို ပြန်ချုပ်လိုက်ရရင်တော့-

(၁) လူဖြစ်လာရင် လူစိတ်ရှိရမယ်။ ရက်စက်ယုတ်မာကြမ်းတမ်းတဲ့ တိရစ္ဆာန်စိတ်တွေရှိနေရင်တော့ လူဖြစ်မလာတာကမှ သက်သာဦးမယ်။
(၂) လူဆိုတာ အပြစ်ရှိတဲ့အလုပ်နဲ့ အပြစ်မရှိတဲ့ အလုပ်ကိုခွဲခြားသိရမယ်။ လူ့ဘဝတိုတိုလေးအတွင်းမှာ ရက်စက်ယုတ်မာတဲ့ လုပ်ရပ်တွေ၊ အကုသိုလ်ဒုစရိုက်အလုပ်တွေနဲ့ သွားရင် ငရဲကိုတန်းကျမယ်။ ငရဲတစ်ခါရောက်ပြီးရင် လူ့ဘဝကို ပြန်ရောက်ဖို့ အတော်ခက်ခဲသွားပြီ။
(၃) ကျောင်းတော်ကြီးတွေက လူစိတ်ရှိအောင်၊ ယဉ်ကျေးသိမ်မွေ့အောင်၊ လူ့အကျိုးသယ်ပိုးဆောင်ရွက်နိုင်အောင် သင်ပေးတဲ့နေရာတွေဖြစ်လို့ ကျောင်းနေအရွယ်တိုင်း ကျောင်းနေနိုင်ဖို့ လိုပါတယ်။
(၄) သင်ကြားသင်ယူမှုဆိုတာ ဘယ်တော့မှဆုံးခန်းတိုင်တဲ့ လုပ်ငန်းမဟုတ်လို့ လေ့လာသင်ကြားမှု အမြဲပြုနေရပါမယ်။
(၅) ဘာသာယဉ်ကျေးမှုကို အလေးအမြတ်ထားပြီး ဘဝတစ်လျှောက်လုံး ယောနိသောမနသိကာရဆိုတဲ့ စိတ်ထားနှလုံးထား မှန်မှန်လေးတွေနဲ့ နေသွားနိုင်ရမယ်။
(၆) ဒေါသဆိုတဲ့ ကြမ်းတမ်းတဲ့စိတ်ထားတွေကို အဝင်မခံဘဲ မေတ္တာဆိုတဲ့ အေးမြတဲ့ ယဉ်ကျေးတဲ့ စိတ်ကလေးတွေ မွေးမြူရမယ်။
(၇) ကျေးဇူးတရား နားလည်နိုင်ကြပါစေ။ ရှေးဦးကျေးဇူးပြုသူများဖြစ်ကြပါစေ။ ကျေးဇူးတရားကို သိသည့်အလျောက် ကျေးဇူးရှင်များကို ကျေးဇူးဆပ်နိုင်သူများ ဖြစ်ကြပါစေ။
(၈) မိမိနိုင်ငံ၊ မိမိလူမျိုးဟာ မိမိတို့ရဲ့ အရင်းအမြစ်အကျဆုံးသော ကျေးဇူးရှင်များဖြစ်တယ်ဆိုတာကို ဘယ်တော့မှ မမေ့ပါနဲ့။
(၉) အားလုံးသော မြေးလေးများ၊ မြေးမလေးများဟာ လောကကြီးအတွက် မွန်မြတ်သောဆုလာဘ် ကလေးများဖြစ်ကြပါစေ၊ လာခြင်းကောင်းသော လူသားလေးများ ဖြစ်ကြပါစေဆိုတာပါပဲ။ ။

မြန်မာအမျိုးသမီးများနေ့ကျင်းပရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဇွန် ၁၀

၂၀၀၅ခုနှစ် ဇူလိုင် ၃ ရက် "မြန်မာအမျိုးသမီးများနေ့" ကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ ၂၀၀၅ ခုနှစ် ဇူလိုင် ၃ ရက် "မြန်မာအမျိုးသမီးများနေ့" ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့နှင့် ကျင်းပရေး ဦးစီးကော်မတီဝင်များ၊ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်နှင့် လုပ်ငန်းကော်မတီဝင်များ၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များနှင့် လုပ်ငန်းအဖွဲ့ဝင်များ၊ အထောက်အကူပြုအဖွဲ့နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ၂၀၀၅ ခုနှစ် ဇူလိုင် ၃ ရက် မြန်မာအမျိုးသမီးများနေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က အဖွင့်အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မြန်မာအမျိုးသမီးများနေ့ ကျင်းပရေး ဦးစီးကော်မတီ အတွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာ ဒေါ်ခင်မာထွန်းက မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကျင်းပရေးစီမံချက်ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အကြိုလှုပ်ရှားမှုအဖြစ် သစ်ပင်စိုက်ပျိုးရေးလုပ်ငန်းအဖွဲ့နှင့် အမျိုးသမီးရေးရာနှစ်ပတ်လည် မဂ္ဂဇင်းထုတ်ဝေရေးလုပ်ငန်းအဖွဲ့တို့မှ အဖွဲ့ခေါင်းဆောင်များက လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေနှင့် စပ်လျဉ်း၍ လည်းကောင်း၊ မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကျင်းပရေး လုပ်ငန်းအဖွဲ့များဖြစ်သည့် ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးအဖွဲ့၊ အခမ်းအနားပြင်ဆင်ရေးနှင့် ဧည့်ခံကျွေးမွေးရေးအဖွဲ့၊ ပြန်ကြားရေးအဖွဲ့၊ ဘဏ္ဍာရေးအဖွဲ့နှင့် ဓာတ်ပုံပြကွက် ခင်းကျင်းပြသရေးအဖွဲ့တို့မှ အဖွဲ့ခေါင်းဆောင်များက လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို လည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အဖွဲ့အသီးသီး၏ ရှင်းလင်းတင်ပြချက်များအပေါ် အစည်းအဝေး တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးအကြံပြု တင်ပြကြသည်။

ထို့နောက် ဥက္ကဋ္ဌဒေါ်သန်းသန်းနွဲ့က မြန်မာအမျိုးသမီးများ၏ သမိုင်းဝင်နေ့ ဖြစ်သည့် မြန်မာအမျိုးသမီးများနေ့ကို ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ကြရန် ပြောကြားပြီး လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

၂၀၀၅ခုနှစ် ဇူလိုင် ၃ရက် "မြန်မာအမျိုးသမီးများနေ့"ကျင်းပရေး ညှိနှိုင်းအစည်းအဝေးတွင် ၂၀၀၅ခုနှစ် ဇူလိုင် ၃ ရက် မြန်မာအမျိုးသမီးများနေ့ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ အဖွင့်အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

စေတီတော်များ ထီးတော်တင်လှူမည်

ရန်ကုန် ဇွန် ၁၀

မော်လမြိုင်မြို့ သမိုင်းဝင် ရွှေတောင်ကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တဝိမလ (နယ်လှည့်သာသနာပြု ဓမ္မကထိက)နှင့် တပည့်ဒါယကာ၊ ဒါယိကာမများ ဖြစ်ကြသော ဘောင်းကျကျေးရွာနေ ဦးစံဝင်း မိသားစု၊ မန္တလေးမြို့နေ ဦးခင်မောင်ဝင်း-ဒေါ်နီနီသန်း မိသားစုတို့၏ လှူဒါန်းမှုဖြင့် မုံရွာခရိုင် အရာတော်မြို့နယ် ဘောင်းကျကျေးရွာရှိ ရွှေဘုံသာဘုရား ပရိဝုဏ်အတွင်း ပြုပြင်တည်ဆောက်ပြီးစီးခဲ့သော စေတီတော်များ ထီးတော်တင်လှူပွဲ အခမ်းအနားကို ဇွန် ၂၁ ရက် (နယုန်လပြည့်နေ့) တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ရဟန်းရှင်လူပြည်သူအများ ကြွရောက် ဖူးမြော်ကြည်ညိုနိုင်သည်။

(က-ပ)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ စက်ချုပ်သင်တန်း အမှတ်စဉ်(၃၇) ဖွင့်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့် အဖွင့်အမှာစကား ပြောကြားစဉ်။

(မိခင်/ကလေး)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း စက်ချုပ်သင်တန်း အမှတ်စဉ်(၃၇) ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၁၀

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ စက်ချုပ်သင်တန်း အမှတ်စဉ်(၃၇) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့် ပါရမီလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံ အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ သင်တန်းနည်းပြဆရာမများနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ရှေးဦးစွာ အသင်းဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ New Fashion Designer Group မှ ဦးတင်တိုးမိသားစုက စက်ချုပ်သင်တန်း အထောက်အကူပြု VCD အခွေ ၄၀ ကို ပေးအပ်လှူဒါန်းရာ အသင်းဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

တက်ရောက်

အဆိုပါ စက်ချုပ်သင်တန်း အမှတ်စဉ် (၃၇)သို့ သင်တန်းသူ ၃၇ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ နှစ်လကြာမြင့်မည် ဖြစ်သည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၁-၆-၂၀၀၅ (စနေနေ့)

၇း၀၀	MRTV-4 အဖွင့် Logo ၊ ယနေ့အစီအစဉ်
၇း၁၀	သဘာဝအလှတရားများစုဝေးရာ ပူတာအိုမြို့
၇း၁၅	တေးဂီတအစီအစဉ်
၇း၂၀	ပြည်တွင်းသတင်းအကျဉ်း
၇း၂၅	အလွမ်းချိုချို
၇း၄၀	တေးဂီတအစီအစဉ်
၇း၄၅	Star Album
၈း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၈း၂၅	တေးဂီတအစီအစဉ်
၈း၃၀	မေးကြည့်ဖြေကြည့် ပဟေဠိ
၉း၀၅	ပြည်တွင်းသတင်းအကျဉ်း
၉း၁၀	မိုးလေဝသခန့်မှန်းချက်
၉း၁၅	၂၀၀၅ခုနှစ် မြန်မာ့သိုင်းပညာပြပွဲနှင့် ဗန်တိုအတိုက်ပြိုင်ပွဲ
၉း၄၅	တေးဂီတအစီအစဉ်
၉း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၅	သွေးလေးဖက်နာရောဂါ
၁၀း၀၀	တေးဂီတအစီအစဉ်
၁၀း၀၅	နိုင်ငံတကာ ပိုက်ကျော်ခြင်းပြိုင်ပွဲ
၁၀း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀	ချစ်သောမှို
၁၀း၃၀	ဖန်တီးသူတို့ အနုပညာ
၁၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ (၄)နာရီစာ အစီအစဉ်များကို ည ၂၃း၀၀နာရီအထိ (၄)ကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

အထူးအယူခံမှုများ ရုံးထိုင်ကြားနာ

ရန်ကုန် ဇွန် ၁၀

တရားရုံးချုပ် ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ တရားရုံးချုပ် (ရန်ကုန်) တရားသူကြီးများဖြစ်ကြသောဦးခင်မောင်အေးနှင့် ဒေါက်တာတင်အောင်အေးတို့ ပါဝင်သော အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၁၀နာရီတွင် တရားရုံးချုပ်(ရန်ကုန်) ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမ အထူးအယူခံမှု ငါးမှုနှင့် ပြစ်မှုဆိုင်ရာ အထူး အယူခံမှုသုံးမှုကို စီရင်ချက်ချမှတ်ခဲ့သည်။ထို့ပြင် ၂၀၀၀ပြည့်နှစ် တရားစီရင်ရေး ဥပဒေပုဒ်မ(၇)အရ တင်သွင်းသည့်တရားမအထူးအယူခံမှု ခြောက်မှုကို ရုံးထိုင်ကြားနာကြသည်။ (သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာန (ရန်ကုန်မြို့တော်) အင်းစိန်မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၈ရက်က အင်းစိန် အထက(၁) ရောခန်းမ၌ ကျင်းပရာ အင်းစိန်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက လှူဒါန်းငွေ ကျပ်တစ်သိန်းကို ခရိုင်ပညာရေးမှူး ဦးရန်နောင်ထံ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း တွဲဖက်အတွင်းရေးမှူး ဒေါ်သန်းသန်းအေးနှင့် ဘဏ္ဍာရေးမှူး ဒေါ်တင်တင်တို့ ပေးအပ်လှူဒါန်းစဉ်။ (၆၁)



နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း ရိုက်နှိပ်ထုတ်ဝေရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း (၆)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အဖျက်ရန်စွယ်အန္တရာယ်ကို စည်းလုံးညီညွတ်မှုဖြင့် တုံ့ပြန်တိုက်ပွဲဝင်မှ အောင်မြင်လိမ့်မည်ဟူသော အတွေးအမြင် အလင်းရောင်ကို ပြည်သူများအတွက် စာပေမီးရှူးတိုင်တွင် ထွန်းညှိပေးရမည်

✧ **ကျောဖုံးမှ**

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးသိန်းစိန်နှင့် ဗိုလ်မှူးချုပ်အောင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌနှင့် ဗဟိုအမှုဆောင် ကော်မတီဝင်များ၊ စာပေပညာရှင်ကြီးများ၊ နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း စာတည်းမှူးချုပ်နှင့် စာတည်းအဖွဲ့ဝင်များ၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ရှေးဦးစွာ နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း ရိုက်နှိပ်ထုတ်ဝေရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာ၌ ပြန်ကြားရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့်အတူ စာပေတာဝန်များကို ထမ်းဆောင်ရသည့် ဝန်ကြီးဌာနဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်စာပေပညာရှင်ကြီးများ လက်စွမ်းပြရေးသားခွင့်လည်းရစေ၊ စာပေပညာရှင်ကြီးများ၏ စာပေစွမ်းပကားဖြင့် အမျိုးသား အကျိုးစီးပွားကို အတိုင်းအတာတစ်ရပ်အထိ သယ်ပိုးဆောင်ရွက် ခွင့်လည်းရရှိစေ၊ လူငယ်ကလောင်ရှင်သစ်များလည်း ပေါ်ထွန်းစေဆိုသည့် ရည်ရွယ်ချက်များဖြင့် နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းကို ထုတ်ဝေလာခဲ့ရာ ယခုဆိုလျှင် ခြောက်နှစ်ပြည့်မြောက်ပြီး ခုနစ်နှစ်ခရီးကိုပင် စတင်လျှောက်လှမ်းနေပြီဖြစ်ကြောင်း။

ခွဲခြားခြင်းမပြု

ခြောက်နှစ်တာကာလအတွင်း၌ နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းတွင် ဝတ္ထုတို၊ ဝတ္ထုရှည် ၆၁၉ပုဒ်၊ ဘာသာရပ်မျိုးစုံဆောင်းပါးပဒေသာ ၁၇၆၈ပုဒ်နှင့် ကဗျာ ၂၁၆၁ပုဒ်ကို ဖော်ပြခဲ့ပြီးဖြစ်ကြောင်း၊ နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းတွင် ကလောင်သစ်၊ ကလောင်ဟောင်း ခွဲခြားခြင်းမပြုဘဲ စာမူအရည်အသွေးကိုသာ ရွေးချယ်ဖော်ပြလျက်ရှိကြောင်း။

ထို့ကြောင့်လည်း နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းတွင် ကလောင်သွေးရင်းဖြင့် အချို့ကလောင်ရှင်များသည် ပခုက္ကူ ဦးအုံးဖေ စာပေဆု၊စာပေဗိမာန်စာမူဆုများသာမက နိုင်ငံတော်၏ အမြင့်ဆုံးစာပေဆုဖြစ်သည့် အမျိုးသားစာပေဆုများကိုပါ ဆွတ်ခူးရရှိခဲ့ကြသည့်အတွက် နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းကို ကြီးကြပ်ထုတ်ဝေသော ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် များစွာဂုဏ်ယူပီတိ ဖြစ်ရပါကြောင်း။

ဝေဖန်အကြံပြု

သို့သော်လည်း စာပေပညာရှင်များအနေဖြင့် နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း၏ အားနည်းချက်၊ အားသာချက်များကို ပွင့်ပွင့်လင်းလင်း ထောက်ပြဝေဖန် အကြံပြုစေချင်ပါကြောင်း၊ ဝေဖန်အကြံပြုချက်များအရ နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းတွင် အားနည်းချက်များရှိပါက အမြန်ဆုံးပြုပြင်၍ အကောင်းဆုံးဖြစ်အောင် ပြင်ဆင်ဆောင်ရွက်သွားပြီး အားသာချက်များရှိပါကလည်း ရေရှည်တည်တံ့အောင် ထိန်းသိမ်းသွားနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

တိုင်းပြည်နှင့် လူမျိုးအတွက် စာပေသည် အလွန်အရေးကြီးပါကြောင်း၊ **"စာပေမျက်စိ၊မြင့်မရှိ၍၊ မသိတရား၊ အယူမှားလျက်"** ဆိုသကဲ့သို့ စာပေအမြင် ကွယ်ပျောက်လျှင် ဘဝအလင်းရောင်ကွယ်ပျောက်သည်နှင့် အတူတူပင်ဖြစ်ပါကြောင်း။

စာရေးဆရာကြီး၊ ဆရာမကြီးများသည် လောကလူသားများအတွက် မှန်ကန်သည့် အလင်းရောင်ကို ဆောင်ကြဉ်းပေးနိုင်သူများဖြစ်ပါကြောင်း၊ ထိုသို့ အလင်းရောင်ကို ပေးဆောင်ရာတွင် နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားနှင့် ယှဉ်ဖက်သည့် အလင်းရောင်ကို ဆောင်ကြဉ်းပေးစေလိုပါကြောင်း။

ပြည်တွင်းအားကိုအသုံးပြု

ယနေ့ နိုင်ငံတော်အစိုးရသည် ပြည်ပ၏ တားဆီးပိတ်ဆို့မှုများကြားမှ ပြည်တွင်းအားကိုအသုံးပြုပြီး မိမိနိုင်ငံ၊ မိမိလူမျိုး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနေသည်ကို အားလုံးမြင်တွေ့ကြရမှာဖြစ်ကြောင်း၊ထို့ပြင် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး အေးချမ်းသာယာသော နိုင်ငံတော်သစ်ကြီး ပေါ်ပေါက်လာစေရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ကာ



နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း (၆) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)နှုတ်ခွန်းဆက်စကားပြောကြားစဉ်။ (သတင်းစဉ်)

တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် လက်တွဲအကောင်အထည်ဖော် ဆောင်ရွက်နေသည်ကိုလည်း အားလုံးမြင်တွေ့ကြရမှာဖြစ်ကြောင်း။

ထိုကဲ့သို့ ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်နေမှုကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပအဖျက်သမားများသည် နည်းအမျိုးမျိုးဖြင့် သွေးထိုးနှောင့်ယှက်မှုများ ပြုလုပ်လျက်ရှိနေကြောင်း၊ ယခုကဲ့သို့ သွေးထိုးနှောင့်ယှက်မှုများကို အချို့သော အမျိုးသားရေး ကိုယ်ခံစွမ်းအား နည်းပါးသူများက ဟုတ်နိုး၊ မှန်နိုးထင်ပြီး နားယောင်သွားကြသည်များလည်း ရှိပါကြောင်း၊ ယင်းကဲ့သို့ သွေးထိုးနှောင့်ယှက်ရုံသာမက အပြစ်မဲ့ပြည်သူများ အသက်ဆုံးရှုံးထိခိုက်ဒဏ်ရာရရန်၊ ပြည်သူများ ထိတ်လန့်ကြောက်ရွံ့လာစေရန် အကြမ်းဖက် ဖောက်ခွဲတိုက်ခိုက်မှုများ၊

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း (၆) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း ရိုက်နှိပ်ထုတ်ဝေရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းတွင် ပါဝင်ရေးသားခဲ့ကြသော စာပေပညာရှင်ကြီးများအား ဂုဏ်ပြုလက်ဆောင်ပေးအပ်စဉ်။ (သတင်းစဉ်)

မိုင်းထောင်ဖောက်ခွဲ၊ ဓားပြတိုက်၊ ပြန်ပေးဆွဲမှုများနှင့် အဓမ္မ လုယက်မှုမျိုး ဆက်တိုက်လုပ်ဆောင်လာသည်ကိုလည်း တွေ့ရှိရကြောင်း။

ယခုလိုအခြေအနေတွင် မိမိအနေဖြင့် သတိပြုမိတာတစ်ခုရှိပါကြောင်း၊ ၎င်းမှာ **"အမျိုးသားအရေးနှင့် စာပေလောကအနေအထား"** ပင် ဖြစ်ပါကြောင်း၊ ယနေ့အချိန်အခါသည် ပြည်ပဆရာကြီးများနှင့် နောက်လိုက်နောက်ပါ အကြမ်းဖက်သမားအုပ်စုများက နိုင်ငံတော်အား မြေပေါ်၊ မြေအောက်နှင့် ပြည်ပ သုံးဖက်သုံးတန် ညှပ်တိုက်ရန် ကြံစည်ဆောင်ရွက်နေချိန် ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ အချိန်တွင် တစ်မျိုးသားလုံးနှင့်ဆိုင်သော အမျိုးသားလုံခြုံရေး၊ အမျိုးသားကာကွယ်ရေးကိစ္စများ ပေါ်ပေါက်လာတတ်ပါကြောင်း။

စာပေပညာရှင်ကြီးများ သိပြီးဖြစ်သည့်အတိုင်း ၇-၅-၂၀၀၅ ရက်နေ့တွင် ရန်ကုန်မြို့၌ အကြမ်းဖက်ဖောက်ခွဲတိုက်ခိုက်မှုသုံးကြိမ်ဖြစ်ပွားခဲ့ပြီး ထို့နေ့မှာပင် ရဟန်းရှင်လူပြည်သူ ၁၁ဦး သေဆုံးကာ ၁၆၂ဦး ဒဏ်ရာရခဲ့ပါကြောင်း။

၎င်းကိစ္စသည်နိုင်ငံတော်အစိုးရတစ်ခုတည်း၊ ပေါက်ကွဲမှုဖြစ်ပွားရာ နေရာနှင့် ဆက်စပ်နေသော ဝန်ကြီးဌာနတစ်ခုတည်း၊ ပေါက်ကွဲမှုဖြစ်ပွားရာ အရောင်းစင်တာ ပိုင်ရှင်တစ်ဦးတည်းလောက်နှင့်သာ သက်ဆိုင်သော ကိစ္စမဟုတ်ပါကြောင်း၊ တစ်မျိုးသားလုံးနှင့် သက်ဆိုင်သော အမျိုးသားလုံခြုံရေးကိစ္စဖြစ်ပါကြောင်း။

တုံ့ပြန်ချေဖျက်

သို့ရာတွင် အဆိုပါအမျိုးသားလုံခြုံရေး ထိပါးခံရမှုအပေါ်တွင် နိုင်ငံတော်အစိုးရနှင့် နိုင်ငံတော်အစိုးရပိုင်မီဒီယာများကသာ ထိထိရောက်ရောက် တုံ့ပြန်ခဲ့ကြပြီး၊ စာပေလောကနှင့် စာပေလောကသားများ အပိုင်းက



နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း (၆) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင်၊ နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း စာတည်းမှူးချုပ် ဒုတိယဗိုလ်မှူးကြီး အုန်းမောင်(ငြိမ်း) (မြင်းမူ-မောင်နိုင်မိုး) နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း ထုတ်ဝေမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ပါဝင်တုံ့ပြန်မှု နည်းပါးနေသေးသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏ အမျိုးသားရေး အကျိုးစီးပွားအပေါ် ထိပါးလာသူမှန်သမျှကို စာပေပညာရှင်များအနေဖြင့် ပေါင်းစည်းညီညွတ်စွာ တုံ့ပြန်ချေဖျက်ပြီး ယနေ့ဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်ကို မျက်ခြည်မပြတ် လေ့လာကာ ပြည်သူလူထုအတွက် အကျိုးရှိမည့် စာပေများကို အမြဲမပြတ် ရေးသားပြုစုပေးရန် လိုအပ်ပါကြောင်း၊ အဖျက်သမား ရန်စွယ်အန္တရာယ်ကို စည်းလုံးညီညွတ်မှုဖြင့် တုံ့ပြန်တိုက်ပွဲဝင်မှ အောင်မြင်လိမ့်မည်ဟူသော အတွေးအမြင် အလင်းရောင်ကို ပြည်သူများအတွက် စာပေမီးရှူးတိုင်တွင် ထွန်းညှိပေးရမည်ဖြစ်ပါကြောင်း။

စည်းရုံးမြှင့်တင်

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပြန်ကြားရေးတာဝန်များသာမက စာပေစိစစ်ရေးနှင့် မှတ်ပုံတင်ရေးတာဝန်များကိုပါ ထမ်းဆောင်လျက်ရှိပါကြောင်း၊ စာပေစိစစ်ရေးနှင့် မှတ်ပုံတင်ရေးအဖွဲ့အနေဖြင့် စာပေလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးဆောင်ရွက်ရန်၊ စာပေလောကသားများ၏ စွမ်းအားဖြင့် တိုင်းပြည်နှင့်လူမျိုးအကျိုး ဖော်ဆောင်မှုကို စည်းရုံးမြှင့်တင် အားပေးရန်၊ စာပေလောကကို နိုင်ငံတော်၏မူဝါဒ၊ အမျိုးသားယဉ်ကျေးမှု အမွေအနှစ်များနှင့်အညီ ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ရန်၊ စာပေစိစစ်ရေးနှင့် စာပေလောကသားများ ညီညွတ်မျှတစွာ ပူးပေါင်းဆောင်ရွက်ရန်ဟူသည့် ရည်ရွယ်ချက်(၄)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

"စာပေမြင့်မှ လူမျိုးတင့်မည်"ဆိုသည့် စကားနှင့်အညီ မိမိနိုင်ငံ၊ မိမိလူမျိုး ကမ္ဘာ့အလယ်တွင် ဝင့်ကြွားရပ်တည်နိုင်အောင် စာပေတန်ဆောင် မီးရှူးရောင်ဖြင့် လမ်းပြပေးကြရန်နှင့် ထိုကဲ့သို့ လမ်းပြကြယ်သဖွယ် အဖိုးမဖြတ်နိုင်သော စာပေများကို နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းအပါအဝင် ယနေ့ထုတ်ဝေနေသော စာစောင်၊ မဂ္ဂဇင်းများတွင် တက်တက်ကြွကြွ ပါဝင်ရေးသားခြင်းဖြင့် တိုင်းပြည်အကျိုး သယ်ပိုးဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း စသည်ဖြင့်ပြောကြားသည်။

နှုတ်ခွန်းဆက်

ဆက်လက်၍ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင်၊ နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း စာတည်းမှူးချုပ် ဒုတိယဗိုလ်မှူးကြီး အုန်းမောင်(ငြိမ်း)(မြင်းမူ-မောင်နိုင်မိုး)က နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း ထုတ်ဝေမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင်၊ နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း စာတည်းမှူးချုပ် ဒုတိယဗိုလ်မှူးကြီး အုန်းမောင်(ငြိမ်း)(မြင်းမူ-မောင်နိုင်မိုး)က နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း၏ နာယကကြီးများအား ဂုဏ်ပြုလက်ဆောင်များကို ဂါရဝပြုပေးအပ်သည်။

ပေးအပ်လှူဒါန်း

ယင်းနောက် စာတည်းမှူးချုပ် ဒုတိယဗိုလ်မှူးကြီးအုန်းမောင်(ငြိမ်း) (မြင်းမူ-မောင်နိုင်မိုး)က မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့(ဗဟို)သို့ အလှူငွေကျပ် ငါးသိန်းကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က လက်ခံယူသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းတွင် ပါဝင်ရေးသားခဲ့ကြသော စာပေပညာရှင်ကြီးများဖြစ်ကြသည့် ဒေါ်စောမုံညင်း၊ ဒေါ်ကြန်၊ ယုဝတီခင်စိန်လှိုင်၊ ဒေါက်တာမတင်ဝင်း၊ ခင်ဆွေမြင့်(မြန်မာစာ)၊ ဆင်ဖြူကျွန်းအောင်သိန်း၊ ဘိုကလေးတင့်အောင်၊ တက္ကသိုလ်တင်ခ၊ မြင့်သိန်းအောင်၊ စလင်းဘုန်းကျော်၊ မြင်းမူမောင်နိုင်မိုးနှင့် နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း စာတည်းအဖွဲ့ဝင်များအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ယင်းနောက် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ထို့နောက် တက်ရောက်လာကြသော စာရေးဆရာကြီးများကိုယ်စား ဘိုကလေးတင့်အောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် စာပေပညာရှင်ကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ (သတင်းစဉ်)

အလုပ်သမားဝန်ကြီးဌာန ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲကျင်းပ

ရန်ကုန် ဇွန် ၁၀

အလုပ်သမားဝန်ကြီးဌာနမှဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၁နာရီခွဲတွင် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်နှင့် အလုပ်သမားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊ အဖွဲ့၊ ကော်မတီရုံးများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် လက်ထောက်ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက ပညာသင်ထောက်ပံ့ကြေး ပေးအပ်ရခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားသည်။

ပေးအပ်

ထို့နောက် ဝန်ကြီး ဦးသောင်းက အလုပ်သမားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊ အဖွဲ့၊ ကော်မတီရုံးများမှ ဝန်ထမ်းသားသမီးများအတွက် ပညာသင်ထောက်ပံ့ကြေးငွေများကို ပေးအပ်ရာ သက်ဆိုင်ရာဌာန တာဝန်ရှိသူများက လက်ခံယူကြသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ အမှာစကား ပြောကြားစဉ်။ (ရန်ကုန်တိုင်း)

ယာဉ်တိုက်ခိုက်မှုနှင့် ယာဉ်မတော်တဆမှုများ မရှိစေရေး တာဝန်ရှိသူများက အဆင့်ဆင့် ကြပ်မတ်ဆောင်ရွက်

ရန်ကုန် ဇွန် ၁၀

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၅နာရီခွဲတွင် ရန်ကုန်တိုင်း စစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူးဗိုလ်မှူးချုပ် ဝေလွင်၊ စစ်ဒေသမှူးများ၊ တပ်နယ်မှူးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်နှင့် တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း အတွင်းရှိ တက္ကသိုလ်၊ ကောလိပ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ မော်ကွန်းထိန်းများနှင့် တာဝန်ရှိသူများ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ရန်ကုန်မြို့တွင်း ပြေးဆွဲလျက်ရှိသည့် မော်တော်ယာဉ်လိုင်းများမှ ယာဉ်လိုင်းဥက္ကဋ္ဌများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာဖြင့် အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှု အဖွဲ့က ကူညီဖြည့်ဆည်းပေးလျက်ရှိသည့် အခြေအနေများနှင့် ပတ်သက်၍ အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရန်ကုန်တိုင်းအတွင်းရှိ တက္ကသိုလ်၊ကောလိပ်များမှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ မော်ကွန်းထိန်းများနှင့် တာဝန်ရှိသူများက ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာဖြင့် သွားလာနိုင်ရေးနှင့် အဆင်ပြေစွာ ပညာသင်နိုင်ရေးအတွက် ကူညီဖြည့်ဆည်းပေးစေလိုသည့် အခြေအနေများကိုလည်းကောင်း၊ ရန်ကုန်တိုင်း ကြီးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်နိုင်က ယာဉ်တိုက်ခိုက်မှုနှင့် ယာဉ်မတော်တဆဖြစ်မှုများ လျော့နည်းကျဆင်းစေရေးနှင့် ပြည်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စနစ်တကျလိုက်နာကြစေရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း၊ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှု အဖွဲ့ဝင်များက ပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာဖြင့် ခရီးသွားလာမှု လွယ်ကူအဆင်ပြေစေရေးအတွက် စီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို လည်းကောင်း၊ ရန်ကုန်တိုင်းအတွင်း ပြေးဆွဲလျက်ရှိသည့် မော်တော်ယာဉ်လိုင်းများမှ ယာဉ်လိုင်းဥက္ကဋ္ဌများက ခရီးသွားပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် မော်တော်ယာဉ်များအား CNG သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအဖြစ် ပြောင်းလဲတပ်ဆင်လျက်ရှိသည့် အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

စီမံဆောင်ရွက်ပေးထား

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ယခုအခါ ကျောင်းဖွင့်ချိန်ရောက်လာပြီဖြစ်၍ ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် ကျောင်းကားများကို လိုအပ်သည့် အရေအတွက်အတိုင်း ရရှိစေရန် ညှိနှိုင်းစီမံဆောင်ရွက်ပေးထားကြောင်း။

ပူးပေါင်းဆောင်ရွက်

တက္ကသိုလ်၊ ကောလိပ်များသို့ ဆက်သွယ်ထားသည့် လမ်းများ အစဉ်ကောင်းမွန်စေရေးအတွက် လမ်းများ ပြုပြင်ခင်းကျင်းခြင်းများ ဆောင်ရွက်ပေးနေသကဲ့သို့ ဆက်သွယ်မှု လွယ်ကူအဆင်ပြေစေရေးအတွက်လည်း တယ်လီဖုန်းလိုင်းများ အစဉ်ကောင်းမွန်နေအောင် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယာဉ်တိုက်မှုများကြောင့် ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်သူများ မလိုလားအပ်ဘဲ ထိခိုက်ဒဏ်ရာရရှိ၍ အသက်ဆုံးရှုံးမှုများဖြစ်စေသဖြင့် ယာဉ်တိုက်ခိုက်မှုနှင့် ယာဉ်မတော်တဆဖြစ်မှုများ မရှိစေရေး တာဝန်ရှိသူများက အဆင့်ဆင့် ကြပ်မတ်ဆောင်ရွက်ကြစေလိုကြောင်းနှင့် တာဝန်ရှိသူများ၏ စနစ်တကျ ကွပ်ကဲကြပ်မတ် ဆောင်ရွက်မှုကြောင့် ယခင်ကထက် ယာဉ်တိုက်မှုများ လျော့နည်း ကျဆင်းလာပြီဖြစ်သော်လည်း ယခုထက် ပိုမိုကျဆင်းလာစေရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် အမှတ်-၄၃၂ အောင်မေတ္တာလမ်း (၂၉)ရပ်ကွက် မြောက်ဒဂုံမြို့နယ်နေ ကွယ်လွန်သူ ဦးကျော်မြအား ရည်စူး၍ ဇနီး ဒေါ်သန်းရွှေ၊ သမီးကြီး မခင်ခင်ညို၊ သမီးငယ် မမြသန်းရီ မိသားစုက အလှူငွေကျပ် သုံးသိန်းကို ဖြစ်မြောက်ရေးအဖွဲ့ ဦးသိန်းထိုက်ဦး(အတွင်းရေးမှူး)ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အိုလံပစ်နေ့ အထိမ်းအမှတ် အားကစားလှုပ်ရှားမှု ကျင်းပရေး ညှိနှိုင်းစည်းဝေး

ရန်ကုန် ဇွန် ၁၀

၂၀၀၅ ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် အားကစားလှုပ်ရှားမှု ကျင်းပရေးနှင့် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကိစ္စရပ်များနှင့်ပတ်သက်သော ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် အောင်ဆန်း အားကစားပြိုင်ဝင်း အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမှာစကားပြောကြားပြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များမှ တာဝန်ရှိသူများက ပြိုင်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေး ညှိနှိုင်းဆွေးနွေးကြသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၁-၆-၂၀၀၅ (စနေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	**အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၅	၅။	အတီးပြိုင်ပွဲ
၈:၀၅	၆။	တေးဂီတအစီအစဉ်
၈:၂၀	၇။	ယူးချောင်းတံတား
၈:၃၀	၈။	International News.
၈:၄၅	၉။	Grammar Made Easy.
၉:၀၀	၁၀။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀	၁။	စစ်သည်တေး
၁၁:၁၅	၂။	တေးဂီတအစီအစဉ်
၁၁:၃၀	၃။	ပြည်တွင်းသတင်း
၁၁:၄၀	၄။	ချစ်စရာ့အရွယ်ကစားကြမယ်
၁၂:၀၅	၅။	ထာဝရစွန့်ခွာအမှောင်ကမ္ဘာ (အပိုင်း-၁)
၁၂:၂၀	၆။	တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁:၁၀	၇။	ထာဝရစွန့်ခွာအမှောင်ကမ္ဘာ (အပိုင်း-၂)
၁:၂၅	၈။	**နိုင်ငံခြားဇာတ်လမ်းတွဲ "စောရဝိဇ္ဇာနှင့် မိစ္ဆာခွင်းဓား" (အပိုင်း-၁၀)**
၂:၁၀	၉။	တေးဂီတအစီအစဉ်
၂:၂၀	၁၀။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၂:၃၅	၁၁။	ဗိုက္ကရဲရေထိန်းတံခါး
၂:၄၅	၁၂။	International News.
၃:၀၀	၁၃။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၄:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀	၃။	English for Everyday Use.
၄:၄၅	၄။	တေးဂီတအစီအစဉ်
၅:၀၀	၅။	**အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)**
၅:၁၅	၆။	နားဝင်ပီယံ သူ့လက်သံ
၅:၂၀	၇။	မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၅:၃၅	၈။	**"လောကရဲ့အလှရတနာ" (ရဲအောင်၊ မေသဥ္ဇာဦး၊ သူထူးစံ၊ ပွင့်နဒီမောင်၊ ချစ်စန်းဦး၊ ချောရတနာ၊ မေကဗျာ)**
၆:၀၀	၉။	တေးဂီတအစီအစဉ်
၆:၁၀	၁၀။	ချစ်စရာ့အရွယ်ကစားကြမယ်
၆:၃၀	၁၁။	မိုးလေဝသအခြေအနေ
၇:၀၀	၁၂။	ညနေခင်းသတင်း
၇:၀၅	၁၃။	ခွဲထွက်ဖို့အကြံ တို့လက်မခံ အမှန်တင်ပြ ပြည်သူ့ဆန္ဒ (သီပေါ)
၇:၁၀	၁၄။	Discovery.
၇:၁၅	၁၅။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ခွန်းခြွေသီ တစ်ရာ့တစ်လီ" (အပိုင်း-၂၉)**
၇:၄၀	၁၆။	တေးဂီတအစီအစဉ်
၇:၅၀	၁၇။	မြန်မာ့မီးရထားစွမ်းအား ကျောက်ရေတွင်းခုံးကျော်တံတား
၈:၀၀	၁၈။	ပြည်တွင်းသတင်း
	၁၉။	နိုင်ငံတကာသတင်းများ
	၂၀။	မိုးလေဝသအခြေအနေ
	၂၁။	**နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်သံသရာ" (အပိုင်း-၄၈)**
	၂၂။	နောက်တစ်နေ့အစီအစဉ်
	၂၃။	အစီအစဉ်ပြီး၏။

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးအား ဩစတြေးလျ ဓနသဟာယနိုင်ငံ သံအမတ်ကြီးတွေ့ဆုံ

ရန်ကုန် ဇွန် ၁၀

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဩစတြေးလျ ဓနသဟာယနိုင်ငံသံအမတ်ကြီး H.E. Mr. Robert Joseph Davis သည် ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ စက်မှု(၁)လမ်းနှင့် ဆရာစံလမ်းထောင့်ရှိ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၏ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ပြည်ထဲရေးဝန်ကြီးဌာန ရုံးအဖွဲ့မှူးတို့လည်း တက်ရောက်ကြသည်။ (သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဩစတြေးလျ ဓနသဟာယနိုင်ငံ သံအမတ်ကြီး တွေ့ဆုံစဉ်။ (ပြည်ထဲရေး)

ပဲခူးတိုင်း(အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်

ရန်ကုန် ဇွန် ၁၀

ပဲခူးတိုင်း(အနောက်ပိုင်း) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၈ရက် နံနက် ၈နာရီတွင် ပြည်မြို့ ပဲခူးတိုင်း(အနောက်ပိုင်းတိုင်းခွဲ) ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်း တက်ရောက် အမှာစကားပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် တွဲဖက်တိုင်းအုပ်ချုပ်ရေးမှူး ဦးဖေသန့်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)မှ မှာကြားချက်များနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပဲခူးတိုင်း(အနောက်ပိုင်းတိုင်းခွဲ)အတွင်းရှိ ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများက ခရိုင်နှင့် မြို့နယ်အလိုက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြဆွေးနွေးကြရာ တွဲဖက်တိုင်းအုပ်ချုပ်ရေးမှူးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပပြီး တွဲဖက်တိုင်းအုပ်ချုပ်ရေးမှူးက နိဂုံးချုပ်အမှာစကားပြောကြားကာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

တက္ကသိုလ်ပညာရေးအဖွဲ့များကောင်စီ (၁/၂၀၀၅)ကြိမ်မြောက် အစည်းအဝေးကျင်းပ ဝန်ကြီး ဦးသန်းအောင် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇွန် ၁၀

တက္ကသိုလ်ပညာရေးအဖွဲ့များကောင်စီ (၁/၂၀၀၅)ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် ကမာရွတ်မြို့နယ် ပြည်လမ်းရှိ စိန်ရတုခန်းမ၌ကျင်းပရာ တက္ကသိုလ်ပညာရေးအဖွဲ့များကောင်စီဥက္ကဋ္ဌ၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင် တက်ရောက်၍ အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ တက္ကသိုလ်ပညာရေးအဖွဲ့များ ကောင်စီဝင်များဖြစ်ကြသော ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဝန်ကြီးဌာနများအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်၊ ကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ တက်ရောက်လာကြသော ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများက တက္ကသိုလ်နှင့် ကောလိပ်အသီးသီးတွင် ပါရဂူဘွဲ့၊ မဟာဘွဲ့၊ ဘွဲ့နှင့် ဒီပလိုမာသင်တန်းများ တိုးချဲ့ဖွင့်လှစ်မည့် အစီအစဉ်များနှင့် သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာများကိုလည်းကောင်း၊ အထူးပြုဘာသာရပ်အသစ်များ တိုးချဲ့သင်ကြားမည့် အစီအစဉ်များကိုလည်းကောင်း၊ တက္ကသိုလ်၊ ကောလိပ်များအလိုက် သင်ကြားရေးဆိုင်ရာ အထွေထွေကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီး ဦးသန်းအောင်၊ ဒုတိယဝန်ကြီးများနှင့် အစည်းအဝေးကို တက်ရောက်လာကြသူများက တင်ပြချက်များနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးကြပြီး အတည်ပြုကြသည်။

ယင်းနောက် ဝန်ကြီး ဦးသန်းအောင်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အင်းစိန်မြို့နယ် ရွာမအရှေ့ရပ်ကွက် မင်းကြီးလမ်း အမှတ်(၅၃၆)နေ ကွယ်လွန်သူ ဦးကြည်မင်းအား ရည်စူး၍ ညီမ ဒေါ်အမာကြည်နှင့် ကျန်ရစ်သူမိသားစုတို့က အင်းစိန်မြို့ ကွက်သစ်ရပ်ကွက် မာလာရာမကျောင်းတိုက်ရှိ စိန်ရတနာ နာရေးကူညီမှုအသင်းသို့ အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ(၁) ဦးထွန်းမင်းနှင့်အဖွဲ့က လက်ခံယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။

၂၀၀၅-ခုနှစ်၊ ဇွန်လ (၇)ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၁၈၅၃၁)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

သတိပေးနှိုးဆော်ချက်

(က) မိုးရွာစဉ် ယာဉ်မောင်းလျှင် အောက်ပါ အချက်အလက်များ သတိပြုပါ။

(၁) လမ်းပေါ်တွင် စက်ဆီ၊ ချောဆီများ ဖိတ်စဉ်နေလျှင် လမ်းချော်နိုင်သည်။
(၂) မော်တော်ယာဉ်ဘီးများ ပန်းမရှိလျှင် လမ်းချော်နိုင်သည်။
(၃) မော်တော်ယာဉ်ဘီးများ လေပေါင်ချိန်များလွန်းလျှင် လမ်းချော်နိုင်သည်။
(၄) လမ်းပေါ်တွင် ရွှံ့နွံများရှိလျှင် လမ်းချော်နိုင်သည်။
(၅) အရှိန်ပြင်းစွာ မမောင်းပါနှင့်။
(၆) ဘရိတ်ကို ရုတ်တရက် မနင်းပါနှင့်။
(၇) ကုန်တင်ယာဉ်များ ဟန်ချက်ညီမျှရန် ဂရုပြုပါ။
(၈) ရေသုတ်တံပါရှိရမည်။ ကောင်းမွန်ရမည်။
(၉) မိုးသည်းထန်စွာရွာသွန်း၍ မြင်ကွင်းမကောင်းလျှင် ရှေ့မီးကြီးကို ဖွင့်မောင်းပါ။
(၁၀) မြေသယ်ယာဉ်၊ အုတ်၊ သဲ၊ ကျောက် သယ်ယာဉ်များ ဖိတ်စဉ်မှုမရှိစေရန် လုံခြုံစွာ တင်ဆောင်ပါ။

(ခ) အထက်ပါ စည်းကမ်းချက်များအား မလိုက်နာ၍ ယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှုများ ဖြစ်ပွားပါက ထိရောက်စွာ အရေးယူခြင်းခံရမည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၁-၆-၂၀၀၅ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ **ဆရာတော်ဦးဃောသိတ တရားတော် -အဂ္ဂိဝစ္ဆသုတ်**
၉:၁၀ ၁၀။ အပိတ်နှုတ်ဆက်စကား
၉:၁၁ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄:၃၀ ၄။ မြန်မာသံစဉ်ချိုနားဝင်
၄:၄၅ ၅။ မျိုးချစ်တပ်မတော်
၅:၀၀ ၆။ **အဝေးသင်ပညာရေးပို့ချမှုအစီအစဉ်**
(က) Nature of the Confilet of Law.(4Law)
(ခ) Testing the validity of categorical syilogism by general rules.
(1 st philosophy)
၅:၃၀ ၇။ ကြည်နူးရှင်ပျော်တေးသရုပ်ဖော်
၅:၄၀ ၈။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၅:၅၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ မိုးလေဝသသတင်း
၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "လောကစံအတွက် လက်သီးတစ်ချက်" (အပိုင်း-၁)**
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြိုင်ဟေဝန်က သိုင်းလုလင်" (အပိုင်း-၂၇)**
၂၀။ သင့်အတွက်မနက်ဖြန်
၂၁။ အပိတ်နှုတ်ဆက်စကား
၂၂။ ပြီးပါပြီ။

အားကစားဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် အားကစားသမားများအား တွေ့ဆုံအားပေး

ရန်ကုန် ဇွန် ၁၀

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယနေ့နံနက် ၈နာရီတွင် တာမွေမြို့နယ် ကျိုက္ကဆံကွင်းရှိ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် လေ့ကျင့်ရေးစခန်း၌ ၂၀၀၅ခုနှစ် နိုဝင်ဘာ ၂၇ရက်မှ ဒီဇင်ဘာ ၅ရက်အထိ ဖိလစ်ပိုင်သမ္မတနိုင်ငံ၌ ကျင်းပမည့် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းသွင်းလေ့ကျင့်မှုများ ပြုလုပ်နေကြသော ပဏာမ မြန်မာ့လက်ရွေးစင် မြားပစ်အားကစားသမားများ၏ လေ့ကျင့်မှုများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က ဝန်ကြီးအား လေ့ကျင့်ရေး တိုးတက်မှုအခြေအနေများကို တင်ပြကြသည်။

ထို့နောက် ဝန်ကြီးက မြားပစ်အားကစားသမားများအား တွေ့ဆုံ၍ (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ နိုင်ငံတော်ကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ကြရတော့မည်ဖြစ်ရာ နိုင်ငံ့ဂုဏ်ဆောင် အောင်နိုင်ရေးအတွက် ဇွဲ၊ စိတ်ဓာတ်၊ စည်းကမ်း၊ လေ့ကျင့်မှု အပြည့်အဝဖြင့် အစွမ်းကုန်ကြိုးစားလေ့ကျင့်မှုများ ပြုလုပ်သွားကြရန် အားပေးစကားပြောကြားပြီး အားကစားသမားများအတွက် လေ့ကျင့်ရေးဝတ်စုံများကို တစ်ဦးချင်း ပေးအပ်ချီးမြှင့်သည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် နံနက်ပိုင်းတွင် အင်းလျားကန်ရှိ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်သို့ သွားရောက်၍ (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်မည့်ပဏာမမြန်မာ့လက်ရွေးစင်လှေလှော်အားကစားသမားများ၏ စခန်းသွင်းလေ့ကျင့်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးအားပေးရာ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က စခန်းသွင်း လေ့ကျင့်မှုနှင့် တိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

မှာကြား

ထို့နောက် ဝန်ကြီးက အားကစားသမားများအား နိုင်ငံ့ဂုဏ်ဆောင် အောင်နိုင်ရေးအတွက် ဇွဲ၊ စိတ်ဓာတ်၊ စည်းကမ်း၊ လေ့ကျင့်မှုအပြည့်အဝဖြင့် အစွမ်းကုန် ကြိုးစားလေ့ကျင့်ကြရန် မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။ (သတင်းစဉ်)

ဇွန် ၁၀ ရက်က နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ဇနီး ဖိလစ်ပိုင်သမ္မတနိုင်ငံ လွတ်လပ်ရေးနေ့အခမ်းအနားသို့ တက်ရောက်ရာ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင် သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mme Phoebe A. Gomez ကိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

တပ်ထိန်းချုပ်ဖလား ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် ဇွန် ၁၀

၂၀၀၅ခုနှစ် (၂၄)ကြိမ်မြောက် တပ်ထိန်းချုပ်ဖလား ဘော်လီဘောပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲ ပွဲစဉ်များနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်တိုင်း လှိုင်မြို့နယ်ရှိ လှိုင်အားကစားပြိုင်ပွဲရုံ၌ ကျင်းပရာ တပ်ထိန်းချုပ် ဗိုလ်ချုပ်စောလှ တက်ရောက်၍ ဆုများချီးမြှင့်သည်။

ပြိုင်ပွဲသို့ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ ဒုတိယတပ်ထိန်းချုပ် ဗိုလ်မှူးကြီးစောလွင်နှင့် ကော်မတီဝင်များ၊ ဆပ်ကော်မတီဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ တပ်ထိန်းတပ်ဖွဲ့မှ အရာရှိ၊ စစ်သည်များနှင့် မိသားစုများ၊ ဘော်လီဘော အားကစားဝါသနာရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဗိုလ်လုပွဲစဉ်များ ကျင်းပပြီးနောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ ပထမ၊ ဒုတိယ၊ တတိယနှင့် စတုတ္ထ ရရှိကြသည့်အသင်းများ၊ အကောင်းဆုံးအားကစားသမားဆုနှင့် နေရာအလိုက် အကောင်းဆုံးဆု ရရှိကြသူများအား တာဝန်ရှိသူများက ဆုများ အသီးသီး ချီးမြှင့်ကြသည်။ ယင်းနောက် တပ်ထိန်းချုပ် ဗိုလ်ချုပ်စောလှက ပထမရရှိသည့် အသင်းများအား ဆုဖလားများ ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အစိုးရဌာန အဖွဲ့အစည်းများမှ ဝန်ထမ်းများ ပထမအဆင့် သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဇွန် ၁၀

အစိုးရဌာန အဖွဲ့အစည်းများမှ ဝန်ထမ်းများအတွက် ပထမအဆင့် သင်တန်းအမှတ်စဉ်(၁၉၉) သင်တန်းဆင်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း၌ကျင်းပရာ ဒုတိယစာရင်းစစ်ချုပ် ဒေါ်သင်းသင်း တက်ရောက်ပြီး သင်တန်းဆင်း အမှာစကားပြောကြားသည်။

သင်တန်းဆင်းပွဲသို့ စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ သင်တန်းကျောင်းမှ တာဝန်ရှိသူများ၊ သင်တန်းကထိကများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

အဆိုပါသင်တန်းသို့ ဝန်ကြီးဌာန ၃၀အောက်ရှိ ဦးစီးဌာနနှင့် စီးပွားရေးအဖွဲ့အစည်း ၃၅ခုမှ ဝန်ထမ်း ၁၇၈ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ နှစ်လခန့်ကြာမြင့်ခဲ့သည်။

(သတင်းစဉ်)

လမ်းမတော်မြို့နယ် အထက(၁)၌ ပိုက်ကျော်ခြင်း သရုပ်ပြပွဲ ကျင်းပ

ရန်ကုန် ဇွန် ၁၀

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၏ စီစဉ်မှုအရ အားကစားနှင့် ကာယပညာ ဦးစီးဌာနနှင့် အမှတ်(၃) အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်၏ မြန်မာ့လက်ရွေးစင် ပိုက်ကျော်ခြင်းအားကစားသမားများက ယနေ့နံနက်ပိုင်းတွင် လမ်းမတော်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ပိုက်ကျော်ခြင်း သရုပ်ပြယှဉ်ပြိုင်ကစားကြသည်။

အခမ်းအနားသို့ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် အမှတ်(၃) အခြေခံပညာဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် အမှုဆောင်များ၊ လမ်းမတော်မြို့နယ် ပညာရေးမှူး၊ လမ်းမတော်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ လမ်းမတော်မြို့နယ် ပညာရေးမှူးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌက ပိုက်ကျော်ခြင်း အားကစားနည်း သရုပ်ပြသရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ဒုတိယဥက္ကဋ္ဌက ပိုက်ကျော်ခြင်း အားကစားအထောက်အကူပစ္စည်းများကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူတို့က လက်ခံကြပြီး လမ်းမတော်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကာယနည်းပြဆရာက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် မြန်မာ့လက်ရွေးစင် ပိုက်ကျော်ခြင်း အမျိုးသား၊ အမျိုးသမီး အားကစားသမားများက သရုပ်ပြ ယှဉ်ပြိုင်ကစားကြသည်။ (သတင်းစဉ်)

လူတိုင်းအကျုံးဝင် ပညာရေးအကြောင်း သိကောင်းစရာ ဟောပြောပွဲကျင်းပ

ရန်ကုန် ဇွန် ၁၀

မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့က ကြီးမှူးကျင်းပသည့် "လူတိုင်းအကျုံးဝင် ပညာရေးအကြောင်း သိကောင်းစရာ" ဟောပြောပွဲကို ယမန်နေ့မွန်းလွဲ ၂နာရီခွဲတွင် ကမာရွတ်မြို့နယ် ပြည်လမ်းရှိ မြန်မာနိုင်ငံ ပညာရေး သုတေသနအဖွဲ့ဦးစီးဌာန မြန်မာနိုင်ငံ စာတတ်မြောက်ရေး အထောက်အကူပြု ပင်မဌာနခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဦးက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ အမှုဆောင်အဖွဲ့ဝင်၊ အမှတ်(၁) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ညိုက လူတိုင်းအတွက်အကျုံးဝင်ပညာရေး (EFA)၏ ကဏ္ဍတစ်ခုဖြစ်သည့် လူတိုင်းအကျုံးဝင် ပညာရေး (Inclusive Education) အကြောင်း သိကောင်းစရာများကို ရုပ်ပြဆလိုက်များ၊ ဗီဒီယိုများဖြင့် အသေးစိတ် ရှင်းလင်းဟောပြောသည်။

အဆိုပါဟောပြောပွဲတွင် မေးမြန်းချက်များကို ညွှန်ကြားရေးမှူးချုပ် ဦးတင်ညိုက ပြန်လည်ရှင်းလင်းပြောကြားပြီး ဟောပြောပွဲကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ပြည်လမ်း (၁၀)မိုင် အမှတ်(၁၀၂၂)နေ မိခင်ကြီး ဒေါ်သိန်းနုအား အမှူးထား၍ ဦးမင်းမော်-ဒေါ်မြင့်မြင့်သင်း မိသားစုတို့က သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီးအတွက် အလှူငွေကျပ် တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဘောလုံးရာသီ အဆင့်မြင့်တန်းကွင်းပိတ် ရှုံး/ထွက် ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဇွန် ၁၀

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့က ကြီးမှူးကျင်းပသော ၂၀၀၄-၂၀၀၅ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်းကွင်းပိတ် ရှုံး/ထွက် ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲ၏ ကွာတားဖိုင်နယ်ပြိုင်ပွဲအဖြစ် ဘဏ္ဍာ/အခွန်အသင်းနှင့် စီးပွား/ကူးသန်းအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဘဏ္ဍာ/အခွန်အသင်းက ပယ်နယ်တီဂိုး ခုနစ်ဂိုး-ခြောက်ဂိုးဖြင့် အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ (သတင်းစဉ်)

ကမ္ဘာ့သွေးလှူရှင်များနေ့
World Blood Donor Day
၂၀၀၅ခုနှစ်၊ ဇွန်လ ၁၄ရက်
သင့်သွေးလက်ဆောင်ပေးနိုင်ဖို့ သွေးလှူဒါနပြုကြစို့
Celebrating Your gift of blood
မြန်မာနိုင်ငံကြက်ခြေနီအသင်း

သဃ်န်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက်(မြောက်ပိုင်း) ကျန်စစ်သားလမ်းသွယ်(၁)လမ်း ပြုပြင်မွမ်းမံရေးကော်မတီက အရှည်ပေ ၂၀၀ ကျော်ရှိ ကိုယ့်အားကိုယ်ကိုး ကျောက်ချောခင်းခြင်းလုပ်ငန်းကို ဇွန် ၅ရက်က လမ်းကော်မတီဥက္ကဋ္ဌ ဦးတင်ရှိန်နှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်ပြည်သူများ ပါဝင်ဆောင်ရွက်ကြစဉ်။ (၅၀၆)

တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် ချောင်းမနက်ရေလှောင်တမံစစ်ဆေး လျှပ်စစ်မြစ်ရေတင်စီမံကိန်းဖြင့် နွေစပါးစိုက်ပျိုးမှု ကြည့်ရှု

ရန်ကုန် ဇွန် ၁၀

မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်သည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၃ ရက် နံနက် ၈ နာရီခွဲတွင် တံတားဦးမြို့နယ် ကျောက်တန်းကျေးရွာအနီးရှိ ချောင်းမနက်ရေလှောင်တမံသို့ ရောက်ရှိကြပြီး ရေလှောင်တမံအတွင်း ရေဝင်ရောက်ထိန်းသိမ်းထားရှိမှုနှင့် စိုက်ပျိုးရေပေးဝေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့်တိုင်းမှူးသည် ငါးဇွန်မြို့နယ်၊ မြင်းခြံ-မြို့သာလမ်းရှိ ကောင်းစုအောင်ကုမ္ပဏီ၊ တိုင်းရင်းမြန်မာ (ပရဆေး) စိုက်ကွင်းသို့ရောက်ရှိကြပြီး ပရဆေးစိုက်ကွင်းထုတ်လုပ်ရောင်းချသည့် ပရဆေးပစ္စည်းများနှင့် ပရဆေးပင်များ ပျိုးထောင်ထားရှိမှု၊ ပရဆေးအတွက် သဘာဝ ဆီးချဉ်သီးများအားအစေ့ထုတ်၍ ဆီးဆံထုတ်ယူမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

မှာကြား

နံနက် ၁၀ နာရီခွဲတွင် တိုင်းမှူးသည် မြင်းခြံမြို့နယ်မြောက်ပင်လယ်ရေလှောင်တမံအတွင်း ရေဝင်ရောက်ထိန်းသိမ်းထားရှိမှုနှင့် နွေစပါး စိုက်ပျိုးရန်ရေပေးဝေမှုအခြေအနေများကိုလည်းကောင်း၊ နဘူးအိုင်ကျေးရွာကွင်းအမှတ် (၆၄/က)၌ လယ်မြေ ၃၈ ဧကတွင် မနော်သုခ၊ ရွှေမြန်မာ၊ ရေဆင်း(၂)၊ CN-၆၀ မျိုးစပါးများ စိုက်ပျိုးထားရှိမှု အခြေအနေများကို လည်းကောင်း လှည့်လည် ကြည့်ရှုစစ်ဆေးပြီးတာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

တွေ့ဆုံ

ထို့နောက်တိုင်းမှူးသည် မြင်းခြံခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် မြင်းခြံခရိုင်နှင့်မြို့နယ်တို့မှ ဌာနဆိုင်ရာများအားတွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေး ဆွေးနွေး မှာကြားသည်။

ထိုမှတစ်ဆင့်တိုင်းမှူးနှင့် အဖွဲ့သည် မြင်းခြံမြို့နယ်၊ ဆိတ်ညံကျေးရွာအနီးရှိ ဆိတ်ညံလျှပ်စစ် မြစ်ရေတင်စီမံကိန်းသို့လည်းကောင်း၊ တောင်သာမြို့နယ် တစ်မိုက်သာကျေးရွာတောင်သူဦးကျော်မြင့်၏လယ်မြေ ၁ ဒသမ ၅ ဧကတွင် ကျောဇီလျှပ်စစ်မြစ်ရေတင်ရေသောက် စနစ်ဖြင့်စိုက်ပျိုးထားရှိသော ရွှေမြန်မာ နွေစပါးစိုက်ပျိုးဖြစ်ထွန်းမှု အခြေအနေကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လုပ်ငန်းလိုအပ်ချက်များမှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ညနေ ၃ နာရီတွင် တိုင်းမှူးသည် ညောင်ဦးမြို့နယ်၊ အုန်းနဲ့ချောင်းကျေးရွာအနီးရှိ ငါ့သရောက် လျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ လည်းကောင်း၊ လက်ပန်ခြေပေါ်ကျေးရွာ၌ လက်ပန်ခြေပေါ် လျှပ်စစ်မြစ်ရေတင် စနစ်ဖြင့် စိုက်ပျိုးထားရှိသည့် နွေစပါး စိုက်ပျိုးဖြစ်ထွန်းမှုအခြေအနေနှင့် လျှပ်စစ်မြစ်ရေတင် စီမံကိန်းသို့ လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ထိုမှတစ်ဆင့်တိုင်းမှူးသည် ညောင်ဦးခရိုင်၊ ငါ့သရောက်မြို့သို့ ရောက်ရှိပြီး မြို့နယ်ရုံးခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားသည်။

ဖြည့်ဆည်း

ဆက်လက်၍ တိုင်းမှူးသည် ငါ့သရောက် ရေလှောင်တမံစီမံကိန်းသို့လည်းကောင်း၊ ကျောက်တူးလျှပ်စစ်မြစ်ရေတင်စီမံကိန်း၊ ပင်မမြောင်းအရှည် ပေ၂၄၀၀အား သဘာဝပိုဇိုလန် ဘိလပ်မြေကျောက်ပြားလိုင်နင်စီထားမှုအခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ည ၇ နာရီတွင် တိုင်းမှူးသည် ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ရောက်ရှိပြီး ညောင်ဦးခရိုင်နှင့်မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား ဆွေးနွေးမှာကြားသည်။ (သတင်းစဉ်)

လယ်တီဝိပဿနာ သင်တန်းဖွင့်မည်

ရန်ကုန် ဇွန် ၁၀

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ၊ အဂ္ဂမဟာပဏ္ဍိတ လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ၏ ကြီးကြပ်မှုဖြင့် လယ်တီဝိပဿနာကမ္မဋ္ဌာနာစရိယ သင်တန်းကို ဇွန် ၁၄ ရက် (အင်္ဂါနေ့) နံနက် ၈နာရီတွင် စမ်းချောင်းမြို့နယ် ပြည်လမ်း အမှတ်(၃၃၇/က) လယ်တီဝိပဿနာကမ္မဋ္ဌာန်း ကျောင်းတိုက်၌ ဖွင့်လှစ်မည်ဖြစ်သည်။ ဇွန် ၂၂ ရက် (အင်္ဂါနေ့) ညနေ ၆ နာရီတွင် (၈၄)ကြိမ်မြောက် လယ်တီဝိပဿနာ ခုနစ်ရက် တရားစခန်း ဖွင့်မည်ဖြစ်ရာ ဖုန်း-၅၃၄၃၂၉ နှင့် ၆၅၁၀၆၄တို့သို့ ဆက်သွယ်၍ တက်ရောက်ကြည်ညိုတရားဘာဝနာပွားများနိုင်ကြောင်းသိရသည်။ (က-ပ)

ရော်ဘာကို ပြည်ပသို့တင်ပို့နိုင်ရန် ရည်မှန်းထုတ်လုပ် ရော်ဘာပျိုးပင် စိုက်ပျိုးမှုကို အချိန်ဇယားရေးဆွဲဆောင်ရွက်

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင် အမှတ်(၂) စက်မှုဝန်ကြီးဌာန မြန်မာ့တာယာနှင့် ရော်ဘာပစ္စည်း ထုတ်လုပ်မှု လုပ်ငန်း၏ ရော်ဘာနှင့်သီဟိုဠ်ခြံများ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

(စက်မှု-၂)

ရန်ကုန် ဇွန် ၁၀

အမှတ်(၂)စက်မှုဝန်ကြီးဌာန မြန်မာ့တာယာနှင့်ရော်ဘာပစ္စည်းထုတ်လုပ်မှု လုပ်ငန်း၏ ရော်ဘာနှင့်သီဟိုဠ်ခြံများနှင့် ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၇ရက် နံနက် ၁၀ နာရီခွဲတွင် တောင်ဥက္ကလာပမြို့နယ် ဝေဇယန္တာလမ်းရှိ မြန်မာ့တာယာနှင့် ရော်ဘာပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း (ရုံးချုပ်)အစည်းအဝေးခန်းမ၌ ကျင်းပရာ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောလွင်၊ အမှတ်(၂) စက်မှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာ့တာယာနှင့် ရော်ဘာပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ညွှန်ကြားရေးမှူးများ၊ ရော်ဘာနှင့် သီဟိုဠ်ခြံ ဇုန်တာဝန်ခံများနှင့် ခြံမန်နေဂျာများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ့တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးဦးဇွန်းက ရော်ဘာခြံများ၏ ၂၀၀၄-၂၀၀၅ ခု ဘဏ္ဍာနှစ်အတွင်း ရော်ဘာများ တိုးမြှင့်ထုတ်လုပ်နိုင်မှု၊ရော်ဘာပင်များ တိုးချဲ့စိုက်ပျိုးမှုနှင့် ရော်ဘာပျိုးပင်များ ထုတ်လုပ်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆွေးနွေး

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်စောလွင်က ရော်ဘာများကို လျာထားချက်ထက် ပိုမိုထွက်ရှိရေး၊ ပြည်ပသို့ တင်ပို့နိုင်ရန် ရည်မှန်းထုတ်လုပ်ရေး၊ ရော်ဘာစိုက်ပျိုးမှုနည်းပညာများ တိုးတက်စေရန် ကြံဆဆောင်ရွက်ရေး၊ ထုတ်လုပ်သည့် ရော်ဘာများ အလေအလွင့်နည်းပါးရေး၊ ရော်ဘာပျိုးပင် စိုက်ပျိုးမှုကို အချိန်ဇယားရေးဆွဲ၍ စီမံဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

ပေးအပ်

ဆက်လက်၍ ၂၀၀၄-၂၀၀၅ ခု ဘဏ္ဍာနှစ်အတွင်း ဘက်စုံထူးချွန်ဆုကို ဝန်ကြီး ဗိုလ်ချုပ်စောလွင်က လည်းကောင်း၊ ထုတ်လုပ်မှု အကောင်းဆုံးဆု၊ အရည်အသွေး မြင့်တင်နိုင်မှု ဆုနှင့် တစ်ဧကအထွက်နှုန်း အကောင်းဆုံးဆုများကို မြန်မာ့စက်မှုလုပ်ငန်းများ စီမံကိန်း ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်နှင့် မြန်မာ့တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးဇွန်းတို့က လည်းကောင်း ပေးအပ်ချီးမြှင့်ကြရာ သက်ဆိုင်ရာ ခြံမန်နေဂျာများက ဆုများကို လက်ခံယူကြပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ပို့ဆောင်ရေး ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင် ကျေးလက်နေလူငယ်များ ကျောင်းအပ်နှံရေး ကူညီပံ့ပိုး

ရန်ကုန် ဇွန် ၁၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်သည် မြင်းခြံခရိုင်နှင့် နွားထိုးကြီးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ တာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၅ရက် နံနက် ၇ နာရီတွင် မြင်းခြံခရိုင် နွားထိုးကြီးမော်တော်ကားလမ်း မိုင်တိုင် အမှတ် ၁၀ မှ တောင်ဘက်ကံနှောင်း၊ လုံးတော၊ သမန်းတောကျေးရွာချင်းဆက် အဆင့်မြင့်မြေသားလမ်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားတွင် ဗဟိုအလုပ်အမှုဆောင်၊ ဒုတိယဝန်ကြီးက အမှာစကားပြောကြားရာ၌ နိုင်ငံတော် လူဦးရေ၏ ၈၅ရာခိုင်နှုန်းခန့်သည် ကျေးလက်နေပြည်သူများဖြစ်ကြကြောင်း၊ ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်မှ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝတိုးတက်ရန်အတွက် နိုင်ငံတော်သည် ကျေးလက် ဖွံ့ဖြိုးရေး လုပ်ငန်းစဉ် (၅)ရပ် ချမှတ်အကောင်အထည်ဖော်လျက်ရှိကြောင်းဖြင့်ရှင်းလင်းပြောကြားသည်။

ထို့နောက် ဗဟို အလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဗိုလ်မှူး ကြီးဉာဏ်ထွန်းအောင်နှင့် လမ်းအလှူရှင် သော်တာဝင်းကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးစိုင်းဖိလစ်တို့က ဖဲကြိုးဖြတ်၍ လမ်းမှန်ဦးကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် နွားထိုးကြီးမြို့ တောင်ဘက် မန်ကျည်းကန်ကျေးရွာ မူလတန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းခန်းမတွင် ကျေးရွာလူထုနှင့် တွေ့ဆုံပွဲကျင်းပသည်။

ထို့နောက် မန်ကျည်းကန်ကျေးရွာ မူလတန်းလွန်ကျောင်းအတွက် ဗလာစာအုပ် ဒါဇင်၁၀၀၊ ကျောင်းဆောင်သစ်အတွက်ဘိလပ်မြေအိတ်၅၀၊ အောင်ပန်းကုန်းကျေးရွာမူလတန်းကျောင်းအတွက် ကျောင်းဝင်ကြေးနှင့် စာအုပ်ဖိုးငွေကျပ်တစ်သိန်းကို ဒုတိယဝန်ကြီးနှင့် ဇနီးတို့က လှူဒါန်းသည်။ ထို့အပြင် ဆောက်လုပ်ဆဲ ကျောင်းဆောင်သစ်အတွက် သွပ်ချပ်၂၀၀၊ ဘိလပ်မြေအိတ် ၅၀၊ အုတ်၉၀၀၀နှင့် ဆင်းရဲနွမ်းပါးသည့် ကျောင်းသားများအတွက် ကျောင်းဝင်ကြေးနှင့်ဗလာစာအုပ်ဖိုးကိုသော်တာဝင်းကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးစိုင်းဖိလစ်က ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဖလံကုန်းကျေးရွာဘုန်းတော်ကြီးသင်တွဲဖက် အထက်တန်းကျောင်းသို့ ရောက်ရှိပြီး မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောသလ္လအား ဖူးမြော်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် စာသင်ခန်းများသို့ သွားရောက်ကြည့်ရှု အားပေးသည်။ ဒုတိယဝန်ကြီးနှင့် ဇနီးတို့သည် ပညာရေးအလှူငွေကျပ်သုံးသိန်း၊သော်တာဝင်းကုမ္ပဏီမှ ငွေကျပ်တစ်သိန်းလှူဒါန်းသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် နွားထိုးကြီးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းရုံးသို့ ရောက်ရှိပြီး မြို့နယ်အလုပ်အမှုဆောင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့်တွေ့ဆုံ၍ လိုအပ်သည်များမှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။ဒုတိယဝန်ကြီး၏ဇနီးဒေါ်ဝေဝေကမြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ ငွေကျပ်ငါးသောင်းစီ ပေးအပ်လှူဒါန်းသည်။

(သတင်းစဉ်)

ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၁၀

တာချီလိတ်မြို့နယ် ကျောင်းနေအရွယ် ကလေးကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၉ ရက်တွင် တာချီလိတ်မြို့နယ်အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ တာချီလိတ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဇော်မိုးအေးနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျောင်းအုပ်ဆရာကြီးနှင့်ဆရာ၊ဆရာမများ၊လူမှုရေးအသင်းအဖွဲ့များ၊ကျောင်းသား၊ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီးတင့်လွင်နှင့် လက်ထောက်ပြည်နယ်ပညာရေးမှူး ဦးမြင့်စိုးတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါ်တင်အေးကြည်က မြို့နယ်အတွင်းရှိ ကျောင်းနေရန် အခက်အခဲရှိသည့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၂၅၆ဦးတို့အတွက် ငွေကျပ် ၇၃၃၀၀၀ တန်ဖိုးရှိ ကျောင်းသုံးဗလာစာအုပ်နှင့် ကျောင်းဝတ်စုံများကို ထောက်ပံ့ပေးအပ်လှူဒါန်းသည်။ (သတင်းစဉ်)

ဗီဒီယိုကင်မရာ ရိုက်ကူးနည်းသင်တန်းဖွင့်

ရန်ကုန် ဇွန် ၁၀

ပြန်ကြားရေးဝန်ကြီးဌာန မန္တလေးတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မန္တလေးတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့ ပူးပေါင်းဖွင့်လှစ်သော ဒီဂျစ်တယ်ဓာတ်ပုံနှင့် ဗီဒီယိုကင်မရာ ရိုက်ကူးနည်းသင်တန်းဖွင့်ပွဲအခမ်းအနားကို ဇွန် ၁ရက် နံနက် ၉နာရီတွင် မန္တလေးတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ကျင်းပသည်။

အဆိုပါသင်တန်းသို့ မန္တလေးတိုင်းအတွင်းရှိ မြို့နယ်အသီးသီးမှ ဓာတ်ပုံကျွမ်းကျင်-၂ ဝန်ထမ်းများနှင့် မန္တလေးမြို့ပေါ်မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ စုစုပေါင်း သင်တန်းသား၄၃ဦးတက်ရောက်ကြသည်။

(သတင်းစဉ်)

ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲ ကျင်းပ

မြောင်းမြ ဇွန် ၆

မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် မြောင်းမြခရိုင် ရဲတပ်ဖွဲ့မှ ကြီးမှူး ကျင်းပသော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးစားမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် တိုင်းအဆင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကို မေ ၂၈ နှင့် ၂၉ ရက်က မြောင်းမြမြို့ မြရွှေဝါခန်းမတွင် ကျင်းပရာ မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကြည်ထွဋ်ဝင်း၊ မြောင်းမြခရိုင် ရဲတပ်ဖွဲ့မှ ရဲမှူးနေမျိုးသူ၊ မြောင်းမြပညာရေးကောလိပ်နှင့် အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ မြောင်းမြ၊ အိမ်မဲ၊ ဝါးခယ်မ၊ မော်လမြိုင်ကျွန်း၊ လပွတ္တာမြို့နယ်များမှ အခြေခံပညာ ကျောင်းသား၊ ကျောင်းသူများ၊ အုပ်ချုပ်ရေးဆရာ၊ ဆရာမများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝန်ထမ်းများ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

ပြိုင်ပွဲတွင် အသက်အပိုင်းအခြားဖြင့် အဆင့်လေးဆင့် ခွဲထားပြီး ကျောင်းသား၊ ကျောင်းသူ ၂၃ ဦး ဝင်ရောက် ယှဉ်ပြိုင်ကြသည်။ **(၁၇၆)**

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

ကန့်ဘလူ ဇွန် ၁

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ် လိတ္တူကျေးရွာ စန်းသော်တာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို မေ ၈ ရက် နံနက်က ကျေးရွာမူလတန်း လွန်ကျောင်းခန်းမတွင် ကျင်းပသည်။

စာကြည့်တိုက်ဖွင့်ပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများ၊ စာကြည့်တိုက်ဖြစ်မြောက်ရေး အကျိုးဆောင် ဆရာ၊ ဆရာမများ၊ မြို့မိ၊ မြို့ဖများ မြို့နယ်ပြန်/ဆက် ဦးစီးဌာနမှ ဝန်ထမ်းများနှင့် စာအုပ်အလှူရှင်များ တက်ရောက်ကြသည်။

လှူဒါန်း

ထို့နောက် ကျေးရွာဥက္ကဋ္ဌက အမှာစကားပြောကြားသည်။ ဆက်လက်၍ စာအုပ်လှူဒါန်းပွဲ ကျင်းပရာ ရန်ကုန်မြို့ ကျောက်မြောင်းနေ ဦးမောင်စန်း၊ ဒေါ်ဝင်းကြည်တို့က စာအုပ်စာစောင် ၇၂၇ အုပ်၊ တန်ဖိုးကျပ် ၄၀၀၀၀ ကိုလည်းကောင်း၊ ပြန်/ဆက် ဦးစီးဌာနမှ စာအုပ်စာစောင် များ၊ ကျေးရွာမူလတန်းလွန်ကျောင်းမှ စာအုပ်စာစောင်များ၊ ကျေးရွာတွင်းမှ မိဘတစ်ဦးက စာအုပ်များ ၁၀၃၉ အုပ် လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌက လက်ခံရယူသည်။

ပြောကြား

ထို့နောက် မြို့နယ်ပြန်/ဆက်ဦးစီးဌာနမှ ဒုတိယဦးစီးမှူးက ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ဖွင့်လှစ်၍ ရရှိမည့်အကျိုးကျေးဇူးကို ပြောကြားသည်။ **(မြို့နယ်ပြန်/ဆက်)**

စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကိုကို ဦးဆောင်၍ အင်ဂျင်နီယာမှူး ဦးကျော်မြင့်၊ လုပ်ငန်းတာဝန်ခံ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်စုစုလင်းတို့ ငါးထပ်ကြီးဘုရားလမ်း ပခုံးကပ်ခြင်း လုပ်ငန်း ဆောင်ရွက် ပြီးစီးမှုကို ဇွန် ၂ ရက်က ကြည့်ရှုစစ်ဆေးစဉ်။
(မြို့နယ်စည်ပင်)

ပျဉ်းမနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မေ ၁၉ ရက်က အမှတ် (၉)လမ်းဘေး ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေမြောင်း တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဇေယျ၊ အင်ဂျင်နီယာမှူး ဦးစိုးနိုင်နှင့် တာဝန်ရှိသူများ ကြီးကြပ်ဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)

ကျေးလက် တစ်ခွင် ဖွံ့ဖြိုး စည်ပင်

ကမ္မဋ္ဌာနာစရိယ နည်းပြစခန်းဖွင့်မည်

ကြို့ပင်ကောက် ဇွန် ၅

ပဲခူးတိုင်း(အနောက်ပိုင်း) ကြို့ပင်ကောက်မြို့ ဇောဓိရိပ်သာကျောင်းတိုက်၏ ပဓာနနာယက ပြည်တွင်း၊ ပြည်ပ သာသနာပြု မဟာစည်နာယက အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တ သောနကသည် ကမ္ဘာ့သာသနာပြု မဟာစည် ဆရာတော်ကြီး၏ နည်းနာနိဿယအတိုင်း ကမ္မဋ္ဌာနာ စရိယ နည်းပြစခန်း ဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသူများအား ၁၃၆၇ ခု နယုန်လပြည့်ကျော် ၁ ရက် (ဇွန် ၂၂ ရက်) မှစ၍ လက်ခံမည်ဖြစ်သည်။ ကြို့ပင်ကောက်မြို့ ဇောဓိရိပ်သာကျောင်း ဖုန်း-၀၅၃-၂၅၅၁၄ လိုင်းခွဲ ၅၁၊ ဇီးကုန်းမြို့ သုံးထပ်ကျောင်း ဖုန်း-၀၅၃-၂၅၅၁၁ လိုင်းခွဲ ၂၄၇ နှင့် မင်းလှမြို့ စံကျောင်း ဖုန်း-၀၅၃-၁၀၂၂၆ တို့သို့ ဆက်သွယ် နိုင်ကြောင်း သိရသည်။ (၁၂၄)

ရုပ်မြင်သံကြားစက်နှင့် စာအုပ်စာစောင် လှူဒါန်းသူများအား ဂုဏ်ပြုပွဲကျင်းပ

ကျောက်ဆည် ဇွန် ၃

ကျောက်ဆည်မြို့နယ် အတွင်းရှိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ ရုပ်မြင်သံကြားစက် နှင့်စာအုပ်စာစောင်လှူဒါန်းသူများအား ဂုဏ်ပြုပွဲ အခမ်းအနားသို့ မေ ၃ ရက် နံနက် ၁၀ နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေး ဦးစီးဌာနရုံးတွင် ကျင်းပသည်။

ထို့နောက် ကျောက်ဆည်မြို့ မြတ်ဗုဒ္ဓ၏ မြတ်ဓမ္မစာကြည့်တိုက်နှင့် မင်းရပ်ရပ်ကွက်၊ ဆူးကုန်းရပ်ကွက်၊ အင်ဒိုင်းကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ ရုပ်မြင်သံကြားစက်လှူဒါန်းသူများနှင့် ကျေးရွာစာကြည့်တိုက်များသို့ စာအုပ်စာစောင် လှူဒါန်းသူများအား မန္တလေးတိုင်း ဦးစီးမှူး ဦးကျော်သန်းထွန်းနှင့် တာဝန်ရှိသူများက ဂုဏ်ပြုတံဆိပ်လွှာများ ပေးအပ်သည်။ (က-ပ)

မအူပင်မြို့ သာယာလှပရေးအတွက် ရေလဲလမ်း မြောင်းမကြီး တစ်လျှောက် ရေစီးရေလာကောင်းမွန်ရေးကို မေ ၂၅ ရက်က စည်ပင်အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦး ကြီးကြပ်မှုဖြင့် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ ပူးပေါင်း၍ သန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။
(မြို့နယ်စည်ပင်)

စိုက်ပျိုးစရိတ် ဘဏ်ချေးငွေ ထုတ်ချေး

ကဝ ဇွန် ၃

ကဝမြို့နယ်အတွင်းရှိ ကျေးရွာ ၈၉ အုပ်စုသို့ မိုးစပါးစိုက် တောင်သူလယ်သမားများအတွက် ဘဏ်ချေးငွေ စိုက်ပျိုးစရိတ် ထုတ်ချေးပေးရေး အခမ်းအနားကို မေ ၃၀ ရက်က မြို့နယ် လယ်ယာဖွံ့ဖြိုးရေး ဘဏ်ခွဲရုံးတွင် ကျင်းပရာ မိုးစပါး စိုက်တောင်သူ လယ်သမားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးစိုင်းမောင်လူက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဘဏ်ခွဲမန်နေဂျာဦးမြင့်စိုးက ဘဏ်ချေးငွေ စည်းကမ်းချက်များကို လည်းကောင်း အသီးသီးပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် မြို့နယ်အတွင်းရှိ ကျေးရွာ ၈၉ အုပ်စုမှ မိုးစပါးစိုက်ဧက ၁၉၁၇၂၀ အတွက် ဘဏ်ချေးငွေကျပ် သိန်း ၄၂၀၀ ကျော် ထုတ်ချေးပေးခဲ့သည်။ **(၃၇၀)**

ကျိုက်လတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဝန်ထမ်းသား၊ သမီးများအား ၂၀၀၅-၂၀၀၆ ခုနှစ် ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးနှင့် ကျောင်းဝတ်စုံများ ပေးအပ်ပွဲကို မေ ၂၇ ရက်က ရွှေဝါလတ်ခန်းမ၌ ကျင်းပရာ ထောက်ပံ့ငွေကျပ် ၁၉၅၀၀၀ ကို မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဇနီး ဒေါ်ခင်စန်းရီနှင့် ဒုတိယဦးစီးမှူး ဦးနီမျိုးတင့်၊ ဇနီး ဒေါ်ခင်လေးခိုင်တို့က တစ်ဦးချင်းပေးအပ်စဉ်။
(ထွေ/အုပ်)

ချောင်းကူးတံတား တည်ဆောက်

ပေါင်းတည် ဇွန် ၉

ပေါင်းတည်မြို့နယ် ခရိုင်ချင်းဆက်လမ်း အမှတ်(၁) ဝဲကြီးချောင်းကူး တံတား တည်ဆောက်ရေးအတွက် ဆောင်ရွက်နေမှုတို့ကို ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်ဆွေတို့သည် ဇွန် ၈ ရက်က ကွင်းဆင်း စစ်ဆေးရာ လုပ်ငန်းတာဝန်ခံ အင်ဂျင်နီယာမှူး ဦးတင်ဦးနှင့် ပေါင်းတည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဇော်တို့က လုပ်ငန်း ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ညွှန်ကြားရေးမှူးက သစ်သားတံတားကို စံချိန်စံညွှန်းနှင့်အညီ အမြန်ဆုံးဆောက်လုပ်သွားရန် မှာကြားသည်။ အဆိုပါ ဝဲကြီးတံတားမှာ အလျား ၁၆၅ ပေ၊ အကျယ် ၁၄ ပေ၊ အမြင့်ပေ ၂၀ ရှိ သစ်သားတံတားဖြစ်ကြောင်း သိရသည်။ (၄၉၇)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ဆွီဒင်နိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

ရန်ကုန် ဇွန် ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဆွီဒင်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ ယိုးနတ်(စ်)ဟက်(ဖ်)စထရွန်းသည် ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်သို့သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးကျော်သူနှင့် ဦးမောင်မြင့်၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

လက်ခံတွေ့ဆုံ

ပြည်ထောင်စုမြန်မာနိုင်ငံတော် –နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဆွီဒင်နိုင်ငံ သံအမတ်ကြီး မစ္စတာ ယိုးနတ်(စ်)ဟက်(ဖ်)စထရွန်းအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော် – နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဆွီဒင်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ ယိုးနတ်(စ်)ဟက်(ဖ်)စထရွန်းက ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်သို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၁၀–၆–၂၀၀၅)

ဝ
၆ ဒသမ ၀၆ လက်မ
သထုံ
၅ ဒသမ ၁၆ လက်မ
မောင်တော
၄ ဒသမ ၀၉ လက်မ
ရေး
၃ ဒသမ ၈၆ လက်မ
ကျောက်ဖြူ
၃ ဒသမ ၈၁ လက်မ
ပုသိမ်
၃ ဒသမ ၂၆ လက်မ
ထားဝယ်
၂ ဒသမ ၆၄ လက်မ
ကော့သောင်း
၂ ဒသမ ၃၆ လက်မ
ကလေး
၂ ဒသမ ၃၆ လက်မ
မြိတ်
၂ ဒသမ ၃၂ လက်မ

နိုင်ငံတော်၏ အမျိုးသားရေး အကျိုးစီးပွားအပေါ် ထိပါးလာသူမှန်သမျှ စာပေပညာရှင်များအနေဖြင့် ပေါင်းစည်းညီညွတ်စွာ တုံ့ပြန်ချေပျက်

ပြည်သူလူထုအတွက် အကျိုးရှိမည့် စာပေများကို မပြတ်ရေးသားပြုစု

ရန်ကုန် ဇွန် ၁၀

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်ထုတ်ဝေသည့် နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း (၆)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်း စာပေဗိမာန်အဆောက်အအုံရှိ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း ရိုက်နှိပ်ထုတ်ဝေရေး ကြီးကြပ်မှု **ကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်အားပေးချီးမြှင့်ပြီး စာရေးဆရာကြီးများ၊ စာတည်းအဖွဲ့ဝင်များအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။**

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✧

11-6)News.P65 14 10/06/2005, 11:44 PM